# ညီမျှမှုအတွက် ပုံဖော်ခြင်း

*ရွေးကောက်တင်မြှောက်မှုစနစ်များနှင့် ကျားမတန်းတူရေး ခွဲတမ်းစနစ်တို့၏*
*အကောင်းဆုံး အံဝင်ခွင်ကျသော၊ အလယ်အလတ် အံဝင်ခွင်ကျသောနှင့် အလားအလာမကောင်းသော*
*ပေါင်းစပ်မှုများ*

Stina Larserud and Rita Taphorn

ရေးသားပြုစုသည်။

*Designing for Equality: Best-fit, medium-fit and non-favourable combinations of electoral systems and gender quotas*

International IDEA ၏ ပုံနှိပ်ထုတ်ဝေထားသော စာအုပ်များသည် သီးသန့်အမျိုးသားရေး သို့မဟုတ် နိုင်ငံရေး အကျိုးစီးပွားများမှ မီခိုမှု ကင်းပါသည်။ ယခုစာအုပ်တွင် ဖော်ပြထားသော အမြင်များသည် International IDEA၊ ၎င်း၏ ဘုတ်အဖွဲ့များ သို့မဟုတ် ကောင်စီအဖွဲ့ဝင်များ၏ အမြင်များကို ကိုယ်စားပြုခြင်း မဟုတ်ပါ။ ယခုစာအုပ်တွင် ပြသထားသော မြေပုံအညွှန်းများသည် မည်သည့်နယ်မြေ အပိုင်းအခြား၏ ဥပဒေဆိုင်ရာ အဆင့်အတန်းပေါ်သို့ ပိုင်းခြားဆုံးဖြတ်ခြင်း၊ Institute ၏ အစိတ်အပိုင်း သို့မဟုတ် ထိုသို့ နယ်စည်းခြား သတ်မှတ်ထားခြင်းတို့အပေါ်သို့ ဆိုလိုခြင်း မဟုတ်ပါ။ နေရာချထားမှု၊ မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေအပိုင်းအခြား၏ အကျယ်အဝန်းကိုမျှ Institute ၏ နိုင်ငံရေးအမြင်ကို ထင်ဟပ်စေမည် မဟုတ်ပါ။ မြေပုံများသည် စာသားများကို ပိုမိုရှင်းလင်းသွားစေရန် ယခုစာအုပ်တွင် ထည့်သွင်းပေးထားခြင်း ဖြစ်သည်။

© International Institute for Democracy and Electoral Assistance 2007 (English version)
© International Institute for Democracy and Electoral Assistance 2011 (Burmese version)

ယခုစာအုပ်၏ အပိုင်းလိုက်ဖြစ်စေ၊ တအုပ်လုံးကိုဖြစ်စေ ဘာသာပြန်ရန် သို့မဟုတ် ပြန်လည်ထုတ်ဝေရန် ရှိပါက အောက်ပါလိပ်စာသို့ ခွင့်ပြုချက် တောင်းခံနိုင်သည်။

International IDEA
Strömsborg
SE -103 34 Stockholm
Sweden
E-mail: info@idea.int

International IDEA သည် ၎င်း၏ အားထုတ်ထားမှုအား ထပ်မံဖြန့်ဝေပေးခြင်းကို အားပေးပါသည်။ ယခုစာအုပ်ကို ဘာသာပြန်ရန် သို့မဟုတ် ပြန်လည်ထုတ်ဝေရန် ပန်ကြားလာပါက ချက်ချင်း အကြောင်းပြန်ပေးမည်ဖြစ်သည်။

အဖုံး – Anoli Perera
ဂရပ်ဖစ် ဒီဇိုင်း – Trydells Form
ISBN – 978-91-86565-40-4

ဤစာအုပ်သည် ရွေးကောက်ပွဲ စနစ်များ၌ ကျားမ ခွဲတမ်း အချိုးအစား ပုံနှိုနေပုံကို ရေးသားထားသည့် "တန်းတူညီမျှမှုအတွက် ဒီဇိုင်းပုံစံ ချခြင်း" "Designing for Equality: Best-fit, medium-fit and non-favourable combinations of electoral systems and gender quotas (International IDEA 2007)" အား တိုက်ရိုက် ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။ ဘာသာပြန် တိကျမှုအတွက် International IDEA ရဲ့ ထောက်ခံ အတည်ပြုခြင်းကိုမှု ရယူထားခြင်း မရှိပါ။ အကယ်၍ သံသယ ရှိပါက မူလ အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသည့် (ISBN: 978-91-85391-96-7) နှင့် တိုက်ဆိုင်သုံးသပ် ကြည့်နိုင်ပါသည်။ အိန္ဒိယ နိုင်ငံ နယူးဒေလီမြို့ရှိ မဇ္ဈိမ မီဒီယာမှ ဘာသာပြန်ထားခြင်း ဖြစ်သည်။

# မာတိကာ


၁။ မိတ်ဆက်နှင့် နောက်ခံအခြေအနေ ၄

၂။ ရွှေးကောက်တင်မြှောက်ခြင်းစနစ် ဆိုသည်မှာ အဘယ်နည်း ၆

၃။ ခွဲတမ်းစနစ် ဆိုသည်မှာ အဘယ်နည်း ၁၁

၄။ အမျိုးသမီးများ၏ ကိုယ်စားပြုမှုအပေါ်တွင် သက်ရောက်စေသော ရွေးချယ်တင်မြှောက်မှုစနစ်၏ ပြောင်းလဲမှု ကိန်းရှင်များ ၁၄

၅။ ရွေးချယ်တင်မြှောက်မှုစနစ်များနှင့် ခွဲတမ်းစနစ်များ ပေါင်းစပ်မှု – ရလဒ်များ ၁၇

၆။ အမျိုးသမီးများ၏ ကိုယ်စားပြုမှုအပေါ်တွင် သက်ရောက်စေသော အခြား ပြောင်းလဲမှု ကိန်းရှင်များ ၂၅

၇။ နိဂုံးချုပ်နှင့် အကြံပြုချက်များ ၂၇

၈။ မှတ်စုများ ၂၉

၉။ ထပ်မံလေ့လာ ဖတ်စရာများ ၃၁

၁၀။ စကားလုံး အဓိပ္ပာယ်များ ၃၄

## ၁။ မိတ်ဆက်နှင့် နောက်ခံအခြေအနေ

နိုင်ငံတကာပါလီမန်များသမဂ္ဂ (Inter-Parliamentary Union)[၁] ၏ စာရင်းဇယားများအရ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ၌ တကမ္ဘာလုံးရှိ နိုင်ငံတော်အဆင့် ဥပဒေပြုလွှတ်တော်များတွင် အမျိုးသမီးပါဝင်မှု ပျမ်းမျှအချိုးအစားမှာ ၁၇.၂ ရာနှုန်းသာ ရှိပါသည်။ ထိုအချိုးအစားမှာ ကမ္ဘာတဝှန်းရှိ နိုင်ငံများမှ နိုင်ငံရေးတွင် အမျိုးသမီးများ ကိုယ်စားပြုမှု နိမ့်ကျနေသည်ကို အသိမှတ်ပြုကာ အမျိုးသမီးများအား နိုင်ငံတော်အဆင့် ဥပဒေပြုလွှတ်တော်များနှင့် နိုင်ငံရေးတို့တွင် ပိုမိုဝင်ရောက်လုပ်ကိုင်လာနိုင်စေရန် ကူညီပေးနိုင်မည့် နည်းလမ်းများကို စတင်ချမှတ်နေပြီ ဖြစ်သည့်ကြားမှ တည်ရှိနေခြင်း ဖြစ်သည်။ ၁၉၉၅ တွင် ပီကင်းလုပ်ငန်းစဉ်ကို စတင်ခဲ့ပြီး၊ နိုင်ငံတော်အဆင့် ဥပဒေပြုမှုတွင် အမျိုးသမီး ၃၀ ရာနှုန်း ကိုယ်စားပြု ပါဝင်နိုင်ရေးနှင့် ထို ၃၀ ရာနှုန်းသည် အမျိုးသားများသာ အဓိကလွှမ်းမိုးနေမည့် နေရာတွင် အမျိုးသမီးများမှ အဓိပ္ပာယ်ရှိရှိ ပါဝင်လာနိုင်စေရန်အတွက် မရှိမဖြစ် လိုအပ်သည့် ပမာဏအဖြစ် မြင်လာစေရန် ကြိုးစားခဲ့ကြသည်။ ပြီးခဲ့သည့် နှစ်များအတွင်းက တိုးတက်မှု အနည်းငယ်ရှိခဲ့သော်လည်း ၂၀၀၇ ခုနှစ် ဇန်နဝါရီလအထိတွင်မူ တကမ္ဘာလုံးရှိ နိုင်ငံ ၁၉ နိုင်ငံတွင်သာ နိုင်ငံတော်အဆင့် ပါလီမန်များတွင် အမျိုးသမီးကိုယ်စားပြုမှု ၃၀ ရာနှုန်း ရှိရမည်ဟူသော ရည်မှန်းချက်ကို ပြည့်မီနိုင်ခဲ့သည်။[၂]

၎င်းတို့၏ လုပ်ဖော်ကိုင်ဘက် အမျိုးသားများနှင့်စာလျှင် အမျိုးသမီးများသည် နိုင်ငံရေးထဲသို့ ဝင်ရောက်လုပ်ကိုင်ကြရာတွင် အတားအဆီးများနှင့် ရင်ဆိုင်ကြရသည်။ "ဒီမိုကရေစီနှင့် ရွေးကောက်တင်မြှောက်မှုဆိုင်ရာ ကူညီထောက်ပံ့မှုအတွက် အပြည်ပြည်ဆိုင်ရာ အင်စတီကျု"("The International Institute for Democracy and Electoral Assistance (International IDEA)" မှ ၂၀၀၅ ခုနှစ် ပြန်လည်တည်းဖြတ်ထုတ်ဝေသည့် "ပါလီမန်တွင် အမျိုးသမီးများပါဝင်မှု၊ ကိန်းဂဏန်းများ အလွန်" ("Women in Parliament: Beyond Numbers") ဆိုသည့် စာအုပ်တွင် ထိုစိန်ခေါ်မှု အတားအဆီးများကို အတွင်းကျကျ သုံးသပ်ထားမှုများအား ဖော်ပြထားကာ ၎င်းတို့ကို ကျော်လွှားရန် နည်းလမ်းများကိုလည်း တင်ပြထားသည်။ အမျိုးသမီးများအတွက် ခွဲတမ်းစနစ်ကျင့်သုံးခြင်းသည် နိုင်ငံတော်အဆင့် ပါလီမန်များသို့ လျင်လျင်မြန်မြန် တက်လှမ်းနိုင်ရန်အတွက် သေချာစေသော နည်းလမ်းသာလျှင် ဖြစ်ပါသည်။

အမျိုးသမီးများ နိုင်ငံရေးသို့ ဝင်ရောက်လုပ်ကိုင်ရာတွင် အတားအဆီးများဖြစ်စေသည့် နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် စိတ်ပညာဆိုင်ရာ အကြောင်းပြချက်များအပြင် နိုင်ငံတော်အဆင့် ဥပဒေပြုလွှတ်တော်အဆင့်သို့ အမျိုးသမီးများ ရွေးကောက်တင်မြှောက်ခံရနိုင်ရန် ဖြစ်နိုင်ခြေအပေါ်တွင် လွှမ်းမိုးသော အရေးကြီးသည့် ပြောင်းလဲမှုကိန်းရှင်တခုမှာ နိုင်ငံတွင် အသုံးပြုနေသော ရွေးကောက်တင်မြှောက်မှုစနစ် ဖြစ်ပါသည်။ International IDEA မှ "ရွေးချယ် တင်မြှောက်မှုစနစ်ပုံစံ၊ International IDEA လက်စွဲစာအုပ်သစ် (၂၀၀၅)" ("Electoral System Design: the New International IDEA Handbook (2005)" တွင်

ရွေးကောက်တင်မြှောက်မှုစနစ် အမျိုးအစား အတိအကျများကို အသေးစိတ် အတွင်းကျကျ သုံးသပ်ပြထားသည်။

ယခုစာအုပ်တွင် အထက်ဖော်ပြခဲ့သော International IDEA မှ လက်စွဲစာအုပ်နှစ်အုပ်တွင် ဖော်ပြထားသည့် သုံးသပ်တင်ပြထားမှုများကို တပေါင်းတည်း စုစည်းပေးထားသည်။ ယခုစာအုပ်သည် မတူညီသော ခွဲတမ်းစနစ် အမျိုးမျိုးနှင့် ရွေးကောက်တင်မြှောက်မှု စနစ်အမျိုးမျိုးတို့၏ အံဝင်ဂွင်ကျမှု တို့အပေါ်တွင် ခြုံငုံသုံးသပ်ထားမှုများအား တင်ပြထားသည့်အပြင် ရွေးကောက် တင်မြှောက်မှု စနစ်များနှင့် ခွဲတမ်းစနစ်များ၏ မတူညီသော ပေါင်းစပ်မှုများ အောက်တွင် အမျိုးသမီးများ၏ ကိုယ်စားပြုခြင်း အောင်အောင်မြင်မြင် ရှိလာမှု မည်သို့တိုးတက်လာသည်ကိုလည်း တပါတည်း သုံးသပ်တင်ပြထားသည်။ ယခုစာအုပ်သည် နိုင်ငံရေးတွင် အမျိုးသမီးကိုယ်စားပြုမှု တိုးတက်လာရေး အတွက် ကြိုးပမ်းလုပ်ဆောင်နေသူများအတွက် မှီငြမ်းကိုးကားစရာ တခုအဖြစ်လည်း ရည်ရွယ်ပါသည်။

## ၂။ ရွေးကောက်တင်မြှောက်ခြင်း စနစ်ဆိုသည်မှာ အဘယ်နည်း

ဤအခန်းတွင် ဖြစ်နိုင်ခြေရှိသော ထိန်းညှိမှုပုံစံများ၏ ကျယ်ပြန့်လှသော ဘောင်များအပေါ် ခြုံငုံသုံးသပ်မှုများ ပြုလုပ်နိုင်ရန်အတွက် မတူညီသော ရွေးကောက်တင်မြှောက်မှု စနစ်အမျိုးမျိုးကို ဖော်ပြထားပါသည်။ နိုင်ငံတခုတွင် အသုံးပြုရန် ရွေးချယ်လိုက်သော ရွေးကောက်တင်မြှောက်မှုစနစ်သည် ထိုနိုင်ငံရှိ အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်မှုကို တိုက်ရိုက်သက်ရောက်မှု ရှိပါသည်။

### ၂.၁။ ရွေးကောက်တင်မြှောက်ခြင်း စနစ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ရွေးကောက်တင်မြှောက်မှုစနစ်နှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာရှိပါသည်။ အနိမ့်ဆုံး အုပ်ချုပ်ရေး အသေးစိတ်လေးမှ အမြင့်ဆုံး နိုင်ငံရေးကိစ္စများအထိ အရာရာသည် အချိန်တော်တော်များများတွင် နိုင်ငံတခု၏ ရွေးကောက်တင်မြှောက်မှု စနစ်အဖြစ် ရည်ညွှန်းနိုင်ပါသည်။ ဤနေရာတွင် ကိုယ်စားပြုမှုအပေါ်တွင် သက်ရောက်မှုများအား ပိုမိုထင်ရှားစေမည့် ရွေးကောက်တင်မြှောက်မှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ ဆန္ဒမဲများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာများအဖြစ် ပြောင်းလဲပေးသည့် နည်းလမ်း ဟူ၍ပင် ဖြစ်ပါသည်။

*ရွေးကောက်တင်မြှောက်မှုစနစ်၏ အဓိက အရာ ၃ ခုမှာ*

* ခရိုင်ဒေသပမာဏ – ရွေးကောက်တင်မြှောက်မည့် ခရိုင်ဒေသတခုတွင် ကိုယ်စားလှယ် မည်မျှကို ရွေးကောက်တင်မြှောက်ရန်ဟု ဆုံးဖြတ်ခြင်း၊
* ပုံသေနည်း – လွှတ်တော်နေရာအတွက် အနိုင်ရသူကို မည်သို့ရွေးချယ်မည်ကို ဆုံးဖြတ်ခြင်း၊
* ဆန္ဒမဲပြားများ၏ ဖွဲ့စည်းမှုပုံစံ – မဲပေးသူများမှ ယှဉ်ပြိုင်သူကိုယ်စားလှယ်လောင်းကို မဲထည့်ရသည်လား သို့မဟုတ် ယှဉ်ပြိုင်သည့်ပါတီကို မဲထည့်ရသည်လားနှင့် မဲပေးသူများမှ တခုကိုပဲ ရွေးချယ်ခွင့် ရှိသည်လား သို့မဟုတ် ကြိုက်နှစ်သက်သည်တို့ကို အစဉ်လိုက် ဖော်ပြနိုင်သည်လား တို့ကို ဆုံးဖြတ်ခြင်း၊

မဲဆန္ဒများကို လွှတ်တော်နေရာများအဖြစ် မည်သို့ပြောင်းလဲသည်ဆိုသော လုပ်ငန်းစဉ်များအပေါ် အခြေခံ၍ ရွေးကောက်တင်မြှောက်မှု ပုံစံများကို အုပ်စုခွဲနိုင်ပါသည်။ International IDEA မှ အဓိက အုပ်စု ၃ ခု ခွဲခြားသတ်မှတ် ပါသည်။ (plurality/majority, mixed and proportional systems) အများစု ရွေးကောက်တင်မြှောက်မှု စနစ်၊ ရောနှောရွေးကောက်တင်မြှောက်မှု စနစ်နှင့် အချိုးကျ ရွေးကောက်တင်မြှောက်မှု စနစ်တို့ဖြစ်ကာ စတုတ္ထအုပ်စုမှာမူ အထက်ပါ အဓိက အုပ်စု ၃ စုနှင့် လွယ်လွယ်ကူကူ အံဝင်ဂွင်ကျ မရှိသော အုပ်စုဖြစ်ပါသည်။ ထိုအုပ်စု ၄ စုထဲတွင် သီးခြားစနစ် ၁၂ ခု အဖြစ် ထပ်မံသတ်မှတ်နိုင်ပါသည်။

## ၂.၂။ ရွေးကောက်တင်မြှောက်မှုစနစ် ပုံသဏ္ဍာန်များ

*အချိုးကျ ကိုယ်စားပြုမှုစာရင်း (List PR)*

အချိုးကျ ကိုယ်စားပြုမှု စနစ်အတွက် အဖွဲ့ဝင်တယောက်ထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများအား အသုံးပြုရန် လိုအပ်ပါသည်။ (List PR) စနစ်အောက်တွင် ပါတီတခုစီ သို့မဟုတ် အုပ်စုတခုစီမှ အဖွဲ့ဝင်အများစနစ် ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသအတွက် ကိုယ်စားလှယ်လောင်းစာရင်းကို တင်ပြရသည်။ မဲဆန္ဒရှင်များမှ ပါတီတခုအတွက် မဲပေးကြရကာ၊ ပါတီများသည် မဲအားလုံးမှ သူတို့ဝေစု၏ အချိုးကျအတိုင်း လွှတ်တော်တွင် ကိုယ်စားလှယ်နေရာများ ရရှိမည်ဖြစ်သည်။ အချို့ (စာရင်းပိတ်) စနစ်များတွင် အနိုင်ရသော ကိုယ်စားလှယ်များကို သူတို့၏ နေရာအစီအစဉ်များမှ ထုတ်ယူပါသည်။ စာရင်းများသည် လွတ်လပ်၍ ဖွင့်ထားသည်ဆိုပါက မဲဆန္ဒရှင်များသည် ကြိုက်နှစ်သက်သည့် တဦးချင်းစီကို ရွေးချယ်ခြင်းဖြင့် ကိုယ်စားလှယ်လောင်းများ ရရှိသည့် နေရာအစီအစဉ်ကို လွှမ်းမိုးထားနိုင်သည်။

*ပထမရသူ အနိုင်စနစ် First Past The Post (FPTP)*

First Past The Post (FPTP) စနစ်သည် အများစု ရွေးကောက်တင်မြှောက်မှုစနစ်၏ အရိုးစင်းဆုံး ပုံစံဖြစ်သည်။ အနိုင်ရသော ကိုယ်စားလှယ်လောင်းသည် အခြားကိုယ်စားလှယ်လောင်းများထက် မဲပိုရသူဖြစ်ကာ (Valid Votes) အကျုံးဝင်မဲများ၏ လုံးဝဥဿုံ အများစု (၅၀ ٪ ကျော်) မဟုတ်သည့်တိုင် အနိုင်ရသူသာ ဖြစ်ပါသည်။ ထိုစနစ်သည် အဖွဲ့ဝင်တဦး ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများကို အသုံးပြုကာ မဲဆန္ဒရှင်များသည် နိုင်ငံရေး ပါတီထက် ကိုယ်စားလှယ်လောင်းများကို ကြည့်ကာ မဲပေးကြသည်။

*နှစ်ကြိမ်ရွေးချယ်စနစ် (Two Round System -TRS)*

နှစ်ကြိမ်ရွေးချယ်စနစ်သည် အများစု ရွေးကောက်တင်မြှောက်သည့် စနစ်ဖြစ်ကာ ယှဉ်ပြိုင်သည့် ကိုယ်စားလှယ် သို့မဟုတ် ပါတီတို့မှ သတ်မှတ်ပေးထားသည့် မဲအရေအတွက်အဆင့် (အများအားဖြင့် လုံးဝဥဿုံ အများစုမဲ (၅၀٪ကျော်)ကို ပထမရွေးကောက်တင်မြှောက်မှုတွင် မရရှိခဲ့ပါက ဒုတိယအကြိမ် ရွေးကောက်တင်မြှောက်မှုကို ထပ်မံပြုလုပ်ပေးရသည့် စနစ်ဖြစ်သည်။ နှစ်ကြိမ်ရွေးချယ်စနစ်သည် အများစု ရွေးကောက်တင်မြှောက်မှုစနစ် ပုံစံကို ယူ၍ လုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်ရာ၌ ဒုတိယအကြိမ် ရွေးကောက်ရာတွင် ကိုယ်စားလှယ် ၂ ဦး အထက် ပါဝင်ယှဉ်ပြိုင်၍ မဲပိုရသောသူက လုံးဝဥဿုံ အများစုမဲ ရရှိရန် မလိုတော့ဘဲ အနိုင်ရရှိပါသည်။ သို့မဟုတ်ပါက ပထမအကြိမ်တွင် မဲအများဆုံးရသော ထိပ်ဆုံးမှ နှစ်ယောက်သာ ဒုတိယအကြိမ် ပြန်လည်ယှဉ်ပြိုင်ရသော အများစု နောက်ဆုံးရွေးချယ်မှုပုံစံ (Majority run-off) ကိုလည်း သုံးနိုင်ပါသည်။

*အပြိုင်စနစ် (Parallel Systems)*

အပြိုင်စနစ်သည် ရောနှောစနစ်ဖြစ်၍ ၎င်းသည် မဲဆန္ဒရှင်များမှ ဆန္ဒပြုလိုက်သော ရွေးချယ်မှုများကို အချိုးကျ ရွေးကောက်တင်မြှောက်မှု စနစ်နှင့် အများစု ရွေးကောက်တင်မြှောက်မှုစနစ် နည်းလမ်း ၂ ခုအား အသုံးပြု၍ ကိုယ်စားလှယ်များကို ရွေးချယ်ပါသည်။ သို့သော် အများစု ရွေးကောက်တင်မြှောက်မှု စနစ်အောက်တွင် ခွင့်ပြုထားသည့် ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်နေရာများကိုမူ အချိုးကျ ရွေးကောက်တင်မြှောက်မှုစနစ်ဖြင့် ရလဒ်တွက်သည့်အခါ ထည့်သွင်းစဉ်းစားမည် မဟုတ်ပေ။

*အဖွဲ့ဝင်ရောနှော၍ အချိုးကျစနစ် (MMP)*

အဖွဲ့ဝင်ရောနှော၍ အချိုးကျ စနစ်သည် ရောနှောစနစ်ပင်ဖြစ်ကာ ၎င်းသည် မဲဆန္ဒရှင်များမှ ဆန္ဒပြုလိုက်သော ရွေးချယ်မှုများကို နည်းလမ်း ၂ ခုအား အသုံးပြု၍ ကိုယ်စားလှယ်များကို ရွေးချယ်ပါသည်။ တခုမှာ အဖွဲ့ဝင်တဦး ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသတွင် ရံဖန်ရံခါ အတော်များများ၌ အသုံးပြုသော အများစု ရွေးကောက်တင်မြှောက်မှု စနစ်ဖြစ်၍ ဒုတိယတမျိုးမှာ အချိုးကျ ရွေးကောက်တင်မြှောက်မှုစနစ် ဖြစ်ပါသည်။ အချိုးကျ ရွေးကောက်တင်မြှောက်မှု ကိုယ်စားလှယ်နေရာများမှာ အများစု ရွေးကောက်တင်မြှောက်မှု စနစ်မှ အချိုး မကျဘဲ ရလာသော ရလဒ်ဟူသမျှတို့ကို အစားဖြည့်ပေးခြင်း ဖြစ်သည်။

*အစုအဝေး မဲပေးမှု (Block Vote – BV)*

ထိုစနစ်သည် အများစု ရွေးကောက်တင်မြှောက်မှု စနစ်ပင်ဖြစ်ကာ အဖွဲ့ဝင်တဦးထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် အသုံးပြုသည်။ ရွေးချယ်ရန် ကိုယ်စားလှယ်လောင်းများလေလေ ရွေးချယ်သူများတွင် မဲပေးခွင့်ပိုများလေလေ ဖြစ်သည်။ မဲစုစုပေါင်း အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းများက အနိုင်ရပါသည်။ မဲဆန္ဒရှင်များက ပါတီထက် ကိုယ်စားလှယ် လောင်းများကို အမြဲတမ်း မဲပေးကြသည်။ စနစ်တော်တော်များများတွင် သူတို့သည် သူတို့၏ဆန္ဒမဲများကို သူတို့စိတ်ကြိုက် အနည်းအများ အသုံးပြုကြသည်။

*ကန့်သတ်မဲပေးမှု (Limited Vote – LV)*

ထိုစနစ်သည် ကိုယ်စားလှယ်လောင်း ဗဟိုပြုစနစ်ဖြစ်ကာ အဖွဲ့ဝင်တဦးထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် အသုံးပြုကြသည်။ ထိုစနစ်တွင် ရွေးချယ်သူများသည် မဲပေးခွင့် တကြိမ်ထက် ပိုမိုရရှိသော်လည်း ကိုယ်စားလှယ်လောင်းများထက် မဲပေးရွေးချယ်မှုက ပိုနည်းပါသည်။ မဲစုစုပေါင်း အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းများက အနိုင်ရရှိကြပါသည်။

*တကြိမ်ပြောင်းလဲခွင့်မရှိသော မဲပေးမှု (Single Non-Transferable Vote-SNTV)*

ထိုစနစ်အောက်တွင် မဲဆန္ဒရှင်များသည် အဖွဲ့ဝင် တဦးထက်ပိုသော

ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် မဲပေးမှု တကြိမ်သာ ပြုလုပ်ရသည်။ မဲစုစုပေါင်း အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းများကို အရွေးချယ်ခံရသည်ဟု ကြေညာသည်။ မဲဆန္ဒရှင်များက နိုင်ငံရေးပါတီများထက် ကိုယ်စားလှယ်လောင်းများကို မဲပေးကြသည်။

*ပါတီစု မဲပေးမှု Party Block Vote (PBV)*

ထိုစနစ်သည် အဖွဲ့ဝင်တဦးထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် ပြုလုပ်သည့် အများစုစနစ် ဖြစ်သည်။ ထိုစနစ်တွင် မဲဆန္ဒရှင်များသည် မိမိတို့ကြိုက်နှစ်သက်သော ပါတီကို ဇဟိုပြုမဲပေးမှု တကြိမ်သာ ပြုလုပ်ကြပြီး ကိုယ်စားလှယ်လောင်းများအကြားတွင် ရွေးချယ်ရန် မလိုပါ။ မဲအများဆုံးရသည့် ပါတီအနိုင်ရမည်ဖြစ်ပြီး ရွေးကောက်တင်မြှောက်မှု ပြုလုပ်သည့် ဒေသတွင်းရှိ ကိုယ်စားလှယ်နေရာ အားလုံးကို အနိုင်ရမည်ဖြစ်သည်။

*အခြားနည်းမဲပေးမှု Alternative Vote (AV)*

ထိုစနစ်သည် အဖွဲ့ဝင်တဦး ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် ပြုလုပ်သည့် ကြိုက်နှစ်သက်မှုပြ အများစု ရွေးကောက်တင်မြှောက်မှု စနစ်ဖြစ်ပါသည်။ မဲဆန္ဒရှင်များသည် မဲပြားများပေါ်တွင် သူတို့၏ ကြိုက်နှစ်သက်မှုများအား ဂဏန်းများကို အသုံးပြု၍ မှတ်သားပြကြသည်။ အကျုံးဝင်သော ပထမအဆင့် ကြိုက်နှစ်သက်မှုပြ မဲများ၏ လုံးဝဥသုံ အများစုမဲ (၅၀ ٪ ကျော်) ရရှိသူကို အရွေးချယ်ခံရသူဟု သတ်မှတ်ပါသည်။ အကယ်၍ မည်သည့်ကိုယ်စားလှယ်ကမျှ ပထမအဆင့် ကြိုက်နှစ်သက်မှုပြ မဲများ၏ လုံးဝဥသုံ အများစုမဲ (၅၀ ٪ ကျော်) ကို မရရှိခဲ့ပါက အနည်းဆုံး ရရှိသူများကို ဖယ်ကာ သူတို့ရခဲ့သော မဲများမှ ဒုတိယအဆင့် ကြိုက်နှစ်သက်မှုများအရ ထိုမဲများကို နောက်ဆုံး လုံးဝဥသုံ အများစုမဲ (၅၀ ٪ ကျော်) ရရှိသူ ပေါ်ထွက်လာသည်အထိ ပြန်လည်နေရာချပေးရသည်။ မဲဆန္ဒရှင်များက နိုင်ငံရေးပါတီများထက် ကိုယ်စားလှယ်လောင်းများကို မဲပေးကြသည်။

*တကြိမ်ပြောင်းလဲခွင့်ရှိသော မဲပေးမှု Single Transferable Vote (STV)*

ထိုစနစ်သည် အဖွဲ့ဝင်တဦးထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် မဲဆန္ဒရှင်များမှ ကိုယ်စားလှယ်များကို အဆင့်ခွဲပေးသော ကြိုက်နှစ်သက်မှုပြ စနစ်ပင်ဖြစ်ကာ ပထမအဆင့် ကြိုက်နှစ်သက်မှုပြ မဲများ၏ သတ်မှတ်ထားသော ရွေးချယ်တင်မြှောက်မှု ခွဲတမ်းကို ကျော်လွန်သွားသူကို ချက်ချင်း ရွေးချယ်တင်မြှောက်ပါသည်။ ဆက်လက်ပြုလုပ်သည့် ရေတွက်မှုများတွင် အနည်းဆုံးရသဖြင့် အဖယ်ခံရသည့် ကိုယ်စားလှယ်များထံမှ မဲများနှင့် သတ်မှတ်ထားသော ခွဲတမ်းကို ကျော်လွန်သွားသဖြင့် အနိုင်ရသွားသော ကိုယ်စားလှယ်များထံမှ မဲများကို ဒုတိယနှင့် အနည်းဆုံး ကြိုက်နှစ်သက်မှုများအပေါ် အခြေခံ၍ ပြန်လည်ကာ နေရာချပေးခြင်းကို လိုအပ်သော

အရွေးချယ်ခံ ကိုယ်စားလှယ် အရေအတွက်ရသည့်အထိ ပြုလုပ်ရသည်။ ပါတီ အလိုက် အဆင့်ခွဲပေးလိုက ပေးနိုင်သော်လည်း ပုံမှန်အားဖြင့် မဲဆန္ဒရှင်များသည် နိုင်ငံရေးပါတီများထက် ကိုယ်စားလှယ်လောင်းများကို မဲပေးကြသည်။

*ဘိုဒါ မဲရေတွက်မှု* ***(Borda Count – BC)***

ထိုစနစ်သည် ကိုယ်စားလှယ်လောင်းဗဟိုပြု ကြိုက်နှစ်သက်မှုပြ စနစ်ဖြစ်ကာ အဖွဲ့ဝင်တဦး ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင်ကော၊ အဖွဲ့ဝင် တယောက်ထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင်ပါ အသုံးပြု ပါသည်။ မဲဆန္ဒရှင်များသည် မဲပြားများပေါ်တွင် သူတို့၏ ကြိုက်နှစ်သက်မှု များကို မှတ်သားပေးရကာ၊ ပြီးနောက် ထိုမှတ်သားမှု တခုစီအား ညီမျှသောအဆင့်များကို အသုံးပြု၍ တန်ဖိုးသတ်မှတ်ပေးရသည်။ ၎င်းတို့ကို ပေါင်းလိုက်ပြီး စုစုပေါင်း အများဆုံးရသော ကိုယ်စားလှယ်များကို အနိုင်ရသည်ဟု ကြေညာပေးသည်။

## ၃။ ခွဲတမ်းစနစ် ဆိုသည်မှာ အဘယ်နည်း

အမျိုးသမီးများအတွက် ခွဲတမ်းစနစ်ဆိုသည်မှာ သူတို့၏ လုပ်ဖော်ကိုင်ဘက် အမျိုးသားများ လုပ်သကဲ့သို့ နိုင်ငံရေးကို ဝင်ရောက်လုပ်ကိုင်သည့်အခါ သူတို့အား ကာဆီးထားသည့် အတားအဆီးများကို ကူညီကျော်လွှားနိုင်ရန်အတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် အပြုသဘောလုပ်ဆောင်ချက် ပုံစံတခုပင်ဖြစ်ပါသည်။ ယခုအပိုင်းတွင် ခွဲတမ်းစနစ်ပုံစံများအပေါ် ခြုံငုံသုံးသပ်ထားကာ ၎င်းတို့အား အသုံးပြုသည့် နည်းလမ်းများကိုလည်း ဖော်ပြထားပါသည်။ ခွဲတမ်းပုံစံ အမျိုးအပြားနှင့် အသုံးပြုပုံနည်းလမ်း အမျိုးအပြား ရှိကြပါသည်။ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ပေးမှု အောင်မြင်စေရန်ဟူသော ရည်ရွယ်ချက်ကို လုပ်ဆောင်ရန် ခွဲတမ်းစနစ် မည်သို့အလုပ်လုပ်သည်ကို ကောင်းကောင်း နားလည်ထားရန် လိုအပ်ပါသည်။

### ၃.၁။ တရားဝင်ခွဲတမ်းစနစ်နှင့် မိမိသဘောအရ ခွဲတမ်းစနစ်များ

ခွဲတမ်းစနစ် များစွာရှိကြကာ မိမိပါတီသဘောအရ ခွဲတမ်းစနစ်နှင့် တဘက်မှ အခြေခံဥပဒေအရနှင့် ဥပဒေပြုမှုအရ ခွဲတမ်းစနစ်တို့အကြားရှိ အဓိက ခြားနားမှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

အခြေခံဥပဒေအရ ခွဲတမ်းစနစ်မှာ နိုင်ငံတခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် သေသေချာချာ ထည့်သွင်းပြဋ္ဌာန်းပေးထားကာ ဥပဒေပြုမှုအရ ခွဲတမ်းစနစ်မှာ ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေး ပါတီဥပဒေ  သို့မဟုတ် နိုင်ငံ၏ အခြားနှိုင်းယှဉ်စရာ ဥပဒေထဲတွင် ထည့်သွင်းပြဋ္ဌာန်းပေးထားပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုမှုအရ ထိုနှစ်ခုစလုံးမှာ ဥပဒေအထောက်အပံ့ကို အခြေခံထားကြကာ ရွေးကောက်ပွဲတွင် ပါဝင်သော နိုင်ငံရေး အုပ်စုအားလုံးက ၎င်းတို့ကို ညီမျှစွာ အသုံးပြုရန်တာဝန် ရှိပါသည်။ အခြေခံဥပဒေအရနှင့် ဥပဒေပြုမှုအရ ခွဲတမ်းစနစ်တို့ကို မလိုက်နာဘဲ ၎င်းတို့ကို အသုံးမပြုသော နိုင်ငံရေးအုပ်စုများသည် ပြစ်ဒဏ်အပေးခံကြရမည် ဖြစ်သည်။ နိုင်ငံ၏ ဥပဒေအာဏာပိုင်များမှ ပြစ်ဒဏ်ပေးမှုဥပမာများတွင် ကိုယ်စားလှယ်လောင်းအဖြစ် ပယ်ဖျက်ခြင်းမှ ငွေဒဏ်ချခြင်းအပြင် အမြင့်ဆုံးအနေနှင့် ပါတီတခုလုံးကိုပါ ပယ်ဖျက်ခြင်းအထိ ပါဝင်ကြသည်။

မိမိသဘောအရ ခွဲတမ်းစနစ်သည် နိုင်ငံရေးပါတီများမှ မိမိတို့သဘောအရ ချမှတ်ခြင်းဖြစ်သည်။ အမျိုးသမီးပါဝင်မှု အချိုး၊ အရေအတွက်တို့အား တင်သွင်းမှုတို့ကို အာမခံပေးနိုင်ရန် နိုင်ငံရေးပါတီများမှ သူတို့ဘာသာသူတို့ သတ်မှတ်ထားကြခြင်း ဖြစ်သည်။ ဖော်ပြထားသကဲ့သို့ပင် မိမိသဘောအရ ခွဲတမ်းစနစ်သည် တရားဥပဒေအရ ထိန်းညှိထားမှုမရှိသောကြောင့် ၎င်းတို့ကို တရားဝင်လုပ်ဆောင်စေရန် အပြစ်ဒဏ်ပေးမှုလည်း မရှိပါ။

### ၃.၂ ခွဲတမ်းစနစ်များကို အသုံးပြုပုံ

ခွဲတမ်းစနစ်ကို ကိုယ်စားလှယ်လောင်း တင်သွင်းသည့် လုပ်ငန်းစဉ်ထဲတွင်

အသုံးပြုနိုင်ခြင်း သို့မဟုတ် ထိုစနစ်သည်ရလဒ် အခြေခံသည့် စနစ်လည်း ဖြစ်နိုင်သည်။

*နာမည်စာရင်းတင်သွင်းသည့် လုပ်ငန်းစဉ်တွင်အသုံးပြုသော ခွဲတမ်းစနစ်*

နာမည်စာရင်းတင်သွင်းသည့် လုပ်ငန်းစဉ်တွင် ခွဲတမ်းစနစ်ကို အသုံးပြုသည့် ရည်ရွယ်ချက်မှာ ဥပဒေပြုအဖွဲ့တွင် အရွေးချယ်ခံပိုင်ခွင့် အခွင့်အလမ်းနှင့် သာတူညီမျှလုနီးပါး သို့မဟုတ် သာတူညီမျှ ဖြစ်စေမည့် နည်းလမ်းအားဖြင့် ပါတီတခု၏ ကိုယ်စားလှယ်စာရင်းတွင် အမျိုးသမီးများ နေရာရနိုင်ရန် (သို့မဟုတ် အရွေးချယ်ခံဒေသတခုတွင် နာမည်စာရင်း တင်သွင်းခံနိုင်ရန်) ပိုမိုလွယ်ကူစေရန်အတွက် ဖြစ်ပါသည်။

ဥပဒေကြောင်းအရ ထိန်းညှိမှုများသည် အမျိုးသမီးများအား အသင့်တော်ဆုံးပုံစံနှင့် နာမည်တင်သွင်းရန် ထိန်းညှိမှု အနည်းငယ်သာ ချမှတ်ထားတတ်သည့် လျော့လျော့ရဲရဲ အဆင့်မှ (ဥပမာ – တင်သွင်းသော ကိုယ်စားလှယ်လောင်းများ၏ ၂၀ ％ သည် အမျိုးသမီးများ ဖြစ်ရမည်ဟု ဆိုထားသော်လည်း သူတို့အား မည်သည့်နေရာတွင် ထားရမည်ဟု သေသေချာချာ မဖော်ပြထားပါက စာရင်းအလိုက်စနစ်ကို အသုံးပြုသော ရွေးကောက်တင်မြှောက်မှု ပုံစံတွင် စာရင်း၏ အောက်ခြေများတွင် ထည့်ထားခံရနိုင်ပြီး သူတို့၏ ရွေးချယ်ခံရရန် အခွင့်အလမ်းမှာ နည်းပါးသွားရသည်။) အမျိုးသားများနှင့် ပုခုံးချင်း ယှဉ်နိုင်ရန် ဖော်ပြထားသည့် တိတိကျကျ သတ်မှတ်ပေးထားသော တင်းကျပ်သည့် စည်းမျဉ်းများအထိ ရှိတတ်သည်။ တင်းကျပ်သည့် ပုံစံတွင် "အဆင့်အစဉ်လိုက်စည်းမျဉ်း" **rank-order rules** များကို အသုံးပြု၍ ၎င်းတွင် အခြားကိုယ်စားလှယ်လောင်း အားလုံးသည် အမျိုးသမီး ဖြစ်ရမည်ဆိုသည့် **'zipper system'** သို့မဟုတ် **'zebra system'** စနစ်များ ပါဝင်ပါသည်။ နောက်ဖြစ်နိုင်ခြေတခုမှာ ရာခိုင်နှုန်းအဆင့်တခု သတ်မှတ်ပေးခြင်း ဖြစ်သည်။ ဥပမာ – ကိုယ်စားလှယ်လောင်းစာရင်း ပထမတဝက်တွင် အမျိုးသား၊ အမျိုးသမီး တမျိုးစီ၏ အနည်းဆုံးပါဝင်မှုသည် ကိုယ်စားလှယ်လောင်း အားလုံး အရေအတွက်၏ ၃ ပုံပုံ တပုံဖြစ်ရမည် ဆိုသည်မျိုး ဖြစ်သည်။

အမည်စာရင်း တင်သွင်းခြင်း လုပ်ငန်းစဉ်တွင် ခွဲတမ်းစနစ်ကို ပါတီများမှ မိမိသဘောဆန္ဒအလျောက် အသုံးပြုနိုင်သလို ရွေးကောက်ပွဲဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကဲ့သို့သော ဥပဒေများဖြင့် တရားဝင် ထိန်းညှိထားပေးရမည်။

*ရလဒ် အခြေပြု ခွဲတမ်းစနစ်* ***(Results-based quotas)***

ထိုစနစ်သည် ဥပဒေပြုသူနေရာများတွင် အချို့ရာနှုန်း (ဥပမာ ၂၀ ％)၊ အချို့ကိန်းဂဏန်း (ဥပမာ ၁၀၀ တွင် ၂၀) တို့သည် အမျိုးသမီးများအတွက် သီးသန့်ပြုလုပ်ပေးထားရမည် ဆိုသလိုမျိုး သေချာစေသည်။[၆] ရလဒ်အခြေပြု ခွဲတမ်းစနစ် ပုံစံတမျိုးမှာ "သီးခြား အမျိုးသမီး သီးသန့်စာရင်း သို့မဟုတ်

ရွေးကောက်တင်မြှောက်ရာဒေသ'' သို့မဟုတ် ''အမျိုးသမီး သီးသန့်သတ်မှတ်မှု'' ဖြစ်ကာ အမျိုးသမီးများကို ကြိုတင်ဆုံးဖြတ်ထားသော နေရာအရေ အတွက်ဖြင့် ရွေးချယ်တင်မြှောက်ပေးပါသည်။ ထိုပုံစံသည် ရွေးချယ်တင်မြှောက်ရာဒေသ သို့မဟုတ် သတ်မှတ်ထားမှုထဲတွင် အမျိုးသမီးများကိုသာ ကိုယ်စားလှယ်လောင်းများ အဖြစ် သတ်မှတ်ပေးထားကာ အကြံပြုထားသည့် နာမည်များ လိုအပ်ပါသည်။

အခြား ရလဒ်အခြေပြုခွဲတမ်းစနစ် ပုံစံတမျိုးမှာ ''အကောင်းဆုံး အရှုံး သမား'' စနစ် ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ အမျိုးသမီး ကိုယ်စားလှယ်လောင်း များထဲမှ ခွဲတမ်းအရ သတ်မှတ်ထားသော အရေအတွက်များထက် ကျော်လွန်၍ မဲအများဆုံး ရနေသော အမျိုးသမီးများကို အမျိုးသားများက မဲပိုရနေနိုင် သော်ငြားလည်း အနိုင်ပေးခြင်း ဖြစ်သည်။

မည်သည့် ရလဒ်အခြေပြု ခွဲတမ်းစနစ်ကိုမဆို ထိုစနစ်အား အသုံးပြုမပြု၊ ဥပဒေပြုမှုတွင် အမျိုးသမီးများအတွက် ဆုံးဖြတ်သတ်မှတ်ထားသော ရာနှုန်း သို့မဟုတ် သတ်မှတ်ထားသော နေရာများကို အမှတ်တကယ် တရားဝင် ချန်ထား၊ မထားတို့ကို သေချာစေရန်နှင့် အခြားယှဉ်ပြိုင်သော ပါတီများမှ ကန့်ကွက်မှုများ လုပ်မလာနိုင်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေး ပါတီဥပဒေ သို့မဟုတ် အခြား နိုင်းယှဉ်စရာ ဥပဒေ များထဲတွင် ထည့်သွင်းထားရမည်။ ''အကောင်းဆုံး အရှုံးသမား'' စနစ်တွင် ရွေးကောက်ပွဲအပြီး အနိုင်ရသော ကိုယ်စားလှယ် အပြောင်းအလဲ လုပ်ရန် ကိစ္စကို (အမျိုးသား ကိုယ်စားလှယ်နေရာတွင် အမျိုးသမီး ကိုယ်စားလှယ်ကို အစားထိုးပေးရန်) ပါတီများမှ ခွင့်ပြုနိုင်ရန်အတွက် ဥပဒေဖြင့် သေသေချာချာ အကာအကွယ် ပေးထားရန်မှာလည်း အရေးကြီးပါသည်။

ဖော်ပြပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် သက်ဆိုင်သည့် နည်းလမ်းသွယ်များ အပြင် ဥပဒေပြုလွှတ်တော်များသို့ အမျိုးသမီးများအား တိုက်ရိုက်ခန့်အပ်မှုလည်း ပြုလုပ်နိုင်သည် (ဥပမာ –နိုင်ငံ၏ အကြီးအကဲမှ) ။

အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ရွေးကောက်ပွဲဥပဒေ ပြင်ပမှကိစ္စဖြစ်ကာ ရွေးကောက်တင်မြှောက်သည့် စနစ်နှင့် ကျား၊မ တန်းတူရေး ခွဲတမ်းစနစ် ဆက်စပ်မှု၏ ခွဲခြမ်းစိတ်ဖြာမှုကို စဉ်းစားနိုင်မည် မဟုတ်သောကြောင့် ဖြစ်ပါသည်။

## ၄။ အမျိုးသမီးများ၏ ကိုယ်စားပြုမှုအပေါ်တွင် သက်ရောက်စေသော ရွေးချယ်တင်မြှောက်မှုစနစ်၏ ပြောင်းလဲမှုကိန်းရှင်များ

ခွဲတမ်းစနစ်ကို အသုံးမပြုခဲ့လျှင်လည်း ရွေးကောက်တင်မြှောက်သည့်စနစ် အမျိုးမျိုးသည် အမျိုးသမီးများ ကိုယ်စားပြုမှုကိစ္စကို ရောက်လျှင် သူတို့ဘာသာ သူတို့ ကွဲပြားစွာ ဆောင်ရွက်သွားကြမည်ဖြစ်ကာ (အသေး စိတ်ကို ယခုစာအုပ်နောက်ပိုင်းတွင် တွဲပေးထားသည့် ဇယားကွက်၏ ပထမဆုံး အတန်းတွင် ကြည့်ရှုနိုင် ပါသည်။) ခွဲတမ်းစနစ်ကို စတင်မိတ်ဆက်ရန် ဖြစ်နိုင်ခြေနှင့် ထိုစနစ်ကို စတင်လိုက်သည်နှင့် ရရှိမည့် အကျိုးသက်ရောက်မှု တို့ကိုလည်း တစုံတရာ ထိခိုက်မှုရှိနိုင်ပါသည်။

လေ့လာမှုများအရ အချိုးကျ ရွေးကောက်တင်မြှောက်မှုစနစ် (List PR) သည် အမျိုးသမီးများ ကိုယ်စားပြုမှုကိစ္စအတွက် ပိုမို၍ကောင်းမွန်ပါသည်။[၅] သို့သော် လက်တွေ့လုပ်ဆောင်ရသည့် အစိတ်အပိုင်းများကို တွေ့မြင်နိုင် စေရန်နှင့် အရေးကြီးသော အချက်အလက်များက ဘာဖြစ်သည်ကို ပိုမို ထင်ရှားစွာ နားလည်မှု ရရှိနိုင်စေရန်အတွက် စနစ်များကို အစိတ်အပိုင်း များအဖြစ် ခွဲခြမ်းစိတ်ဖြာရန်နှင့် အထက်တွင် ဖော်ပြခဲ့ပြီးသော အခန်း ၂ တွင် မိတ်ဆက်ပေးထားသည့် အဓိက ၃ ချက်ကို ပြန်ကြည့်ရန် အရေးကြီးပါသည်။

### ၄.၁ ခရိုင်ဒေသ၏ ပမာဏ (District magnitude)

ရွေးကောက်တင်မြှောက်သည့် ခရိုင်ဒေသ၏ ပမာဏ သို့မဟုတ် အကျယ် အဝန်းသည် အမျိုးသမီးများ အမည်စာရင်း တင်သွင်းခံရရန်နှင့် အရွေးချယ် ခံရရန် ဖြစ်နိုင်ခြေကို တိုက်ရိုက်သက်ရောက်မှု ရှိပါသည်။ ပါတီများသည် တဦးထက်ပို၍ အမည်စာရင်း တင်သွင်းနိုင်လျှင် ခရိုင်ဒေသတခုအတွက် ကိုယ်စားလှယ်တဦးသာ အမည်စာရင်း တင်ခွင့်ရသည်ထက် ညီမျှသော ကိုယ်စားလှယ်လောင်းစာရင်းကို တင်သွင်းနိုင်ရန် ဖြစ်နိုင်ခြေ ပိုရှိပါသည်။ အကယ်၍ ကိုယ်စားလှယ်တဦးသာ အမည်တင်သွင်းခွင့်ရလျှင် အကြိမ် တော်တော် များများတွင် ရှိရင်းစွဲ အမျိုးသားသာ ဖြစ်နေတတ်၍ အမျိုးသမီး ကိုယ်စားလှယ်လောင်း တဦးအား သူ့နေရာအတွက် စိန်ခေါ်မှုပြုခြင်းသည် ပါတီ တွင်းတွင် တင်းမာမှုကို ဖန်တီးသလို ဖြစ်တတ်ပါသည်။ ထိုသို့အခြေအနေမျိုးတွင် ပါတီမှဆုံးဖြတ်ရသည့် အခါမျိုးတွင်လည်း ပါတီများသည် အမျိုးသားကို ပိုမိုကျယ် ပြန့်စွာ လက်ခံခြင်းခံရသူဟုသည့်အမြင်နှင့် မကြာခဏဆိုသလို အမျိုးသား ကိုသာ ရွေးချယ်တတ် သည်။ အကယ်၍ ခရိုင်ဒေသ၏ ပမာဏသည် ပိုမိုကြီးမား ပါက ထိုပြဿနာမျိုးကို နည်းစေနိုင်ကာ ပါတီတခုတည်းမှ တော်တော် များများကို အမည်စာရင်းလည်း တင်သွင်းနိုင်သလို အရွေးချယ်လဲခံနိုင်ပါသည်။ ထို့ကြောင့် အမျိုးသားများ၏ နေရာကို မထိခိုက်စေဘဲ ကိုယ်စားလှယ် နေရာများ ရရှိစေရန် အမျိုးသမီးများကို ပါတီမှ အမည်စာရင်း တင်သွင်းနိုင်မှု ဖြစ်နိုင်ခြေကို ပိုမိုများလာစေသည်။

*ပါတီ၏ ပမာဏ (Party Magnitude)*

ခရိုင်ဒေသ၏ ပမာဏနှင့် ဆက်စပ်နေသည့် နောက်တခုမှာ ပါတီ၏ ပမာဏ ဖြစ်ပါသည်။ ပါတီတခုမှ ရွေးကောက်ပွဲ နယ်မြေဒေသ တခုတွင် အရွေး ကောက်ခံမည့် ကိုယ်စားလှယ် အရေအတွက်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်း စာရင်း၏ ပထမနေရာများ သို့မဟုတ် ပါတီ၏ ထိပ်ပိုင်းများမှာ (ပါတီခေါင်းဆောင်နှင့် အခြားသူများ) အမျိုးသားများသာ ဖြစ်နေ တတ်ကြကာ ပါတီများသည် ၎င်းတို့၏ ဒုတိယတန်းနှင့် နောက်ဆက်တွဲ ကိုယ်စားလှယ်နေရာများအတွက် သူတို့၏ ပါတီထိပ်ပိုင်းခေါင်းဆောင်များမှ အပအခြားသူများကို ဖြည့်တတ်သဖြင့် ပါတီ၏ ပမာဏကြီးမားလေ၊ အမျိုးသမီးများအတွက် အခွင့်အရေး ပိုရလေ ဖြစ်ပါသည်။ ယှဉ်ပြိုင်ရမည့် ခရိုင်ဒေသကြီးလျှင်နှင့် ရွေးကောက်ပွဲအနိုင်ရသည့် ပါတီအရေအတွက်သည် နှိုင်းယှဉ်ချက်အရ နိမ့်နေပါက ပါတီ၏ ပမာဏသည်လည်း ပိုကြီးတတ်ပါသည်။ ပါတီပမာဏသည် ပုံဖော်သည့် လုပ်ငန်းစဉ်နှင့်လည်း ချိတ်ဆက်မှု ရှိပါသည်။ သို့သော် ရွေးကောက်ပွဲမှ ရလာသည့်တကယ် ရလဒ်များနှင့်သာ တွက်ချက်နိုင်ပါသည်။ အနိုင်ရသော ပါတီအရေအတွက်ကို ကန့်သတ်နိုင်ပါသည်။ ဥပမာ – ဥပဒေပြုမှုတွင် ကိုယ်စားပြုခွင့် ရရှိနိုင်ရေးအတွက် လိုအပ်သော ထောက်ခံမှု၏ တရားဝင် သတ်မှတ်ချက်ဖြင့် ကန့်သတ်လိုက်ခြင်းမျိုးဖြစ်သည် (ဥပမာ – မဲ၏ ၅ ရာခိုင်နှုန်း)။ ၎င်းသည် အသေးဆုံးပါတီများကို ဥပဒေပြုမှုမှ ဖယ်ရှားပစ်လိုက်သည်။ ပါတီပမာဏငယ်လျှင် အမျိုးသမီးများကို အမည်စာရင်း တင်သွင်းလျှင်တောင်မှ သူတို့သည် ထိပ်သီးကိုယ်စားလှယ်လောင်းများ အကြားတွင် မဟုတ်လျှင် ၎င်း၌ အကန့်အသတ်နှင့် သို့မဟုတ် မရှိသလောက် သက်ရောက်မှုသာ ရှိပေလိမ့်မည်။

## ၄.၂ ခရိုင်ဒေသ၏ ပမာဏ (The formula)

နိုင်ငံတော်တော်များများတွင် ပါတီများမှ မဲဆန္ဒရှင်များကို ကျယ်ကျယ် ပြန့်ပြန့် ဆွဲဆောင်နိုင်စေရန်အတွက် နောက်ခံ အမျိုးမျိုးနှင့် ကိုယ်စားလှယ်လောင်း အမျိုးမျိုးကို တင်သွင်းနိုင်ရန်မှာ အရေးကြီးလှပါသည်။ (ဥပမာ – ကျား၊ မ ကွဲပြားမှု၊ တိုင်းရင်းသား၊ ပထဝီဒေသ၊ အသက် စသည်တို့ကို အခြေခံ၍)။ သူတို့သည် ယှဉ်ပြိုင်ရမည့် ပါတီက ကြီးမားကာ ကိုယ်စားလှယ် နေရာများကို ရှုံးနိမ့်ရန် ခြိမ်းခြောက်မှု ပိုများသော စနစ်မျိုးတွင် ထိုသို့ပိုမိုလုပ်ဆောင်ကြသည်။ ထိုခြိမ်းခြောက်မှုမျိုးသည် ပုံသေနည်းမှ အောက်ပါတို့ကို အသုံးပြုလျှင် ပိုမို ကြီးမားတတ်ပါသည်။

(က) ပါတီများသည် တခုနှင့်တခု ပိုမိုနီးကပ်နိုင်ခြေပိုများကာ မဲဆန္ဒရှင်များမှ ပါတီများကို ပိုမိုလွယ်ကူစွာ ပြောင်းလဲနိုင်သည့်အတွက် ဥပဒေပြုမှုတွင် ပါတီ များစွာ ပါဝင်ရန် လုပ်ထားပါသည်။ ၎င်းသည် သူတို့နှင့် ပေါ်လစီ နီးကပ်စွာ တူညီသည့် အခြား မည်သည့်ပါတီများကိုမှ မဲမရှုံးနိမ့်ရန်အတွက် ကျား၊မ တန်းတူရေးနှင့် တရားမျှတမှု ရှိရေးတို့ရှိရန် ကြိုးပမ်းစေသလို ဖြစ်စေပါသည်။

သို့သော် ဥပဒေပြုမှုတွင် ပါတီအရေအတွက် အလွန်များခြင်းသည် ပါတီပမာဏကို ကျဆင်းစေသည့်အတွက် အမျိုးသမီး ကိုယ်စားပြုမှုကို ဆန့်ကျင်မှု ဖြစ်စေပါသည်။ (ပါတီ ပမာဏတွင် ကြည့်ပါ) နှင့်/သို့မဟုတ်

(ခ) အလဟဿ ဖြစ်သွားရသည့်မဲများ မရှိအောင် လုပ်ထားပါသည်။ ဥပမာ – ကိုယ်စားလှယ်နေရာတခု ရရန်အတွက် အများစု ရွေးကောက်တင်မြှောက်မှုစနစ်ကို လိုအပ်ပါသည်။ အများစု ဖြစ်ရုံထက်ပိုသော မဲများအတွက် ပါတီများကို အပိုဆုပေးမည် မဟုတ်ကာ (အပိုမဲများသည် အလဟဿ ဖြစ်ရပါသည်။) အနိုင်ရပါတီထက် မဲအရေအတွက်နည်းသည့် ပါတီသည်လည်း ကိုယ်စားပြုခွင့် လုံးဝရမည် မဟုတ်ပါ (အဓိပ္ပာယ်မှာ ထိုပါတီအတွက်ရသော မဲများမှာလည်း အလဟဿ ဖြစ်ရပါသည်။) ပါတီများသည် အမာခံ မဲဆန္ဒရှင်များကိုသာ ပိုမို၍ ဦးစားပေးလာကြကာ ထိုသူများအပြင်မှ မဲဆန္ဒရှင်များကို မဲထည့်ရန် ပန်ကြားဖို့ ကြိုးစားသည့် မက်လုံးပေးမှုမျိုး နည်းလာကြပါသည်။ မဲရေတွက်မှုသည် နောက်ထပ် ကိုယ်စားလှယ်နေရာ ရရှိရန်အတွက် ဖြစ်နိုင်သည့် စနစ်များတွင် ပါတီများသည် ခရိုင်ဒေသတွင်းရှိ မဲဆန္ဒရှင်အားလုံးကို သူတို့အား မဲထည့်ရန် ပန်ကြားမှုမျိုးကို ပိုမိုလုပ်လာနိုင်ပါသည်။

## **၄.၃ မဲပြားပြုလုပ်ထားသည့် ပုံစံ** (The ballot structure)

မဲပြားပြုလုပ်ထားသည့် ပုံစံသည် မဲဆန္ဒရှင်များ၏ ရွေးချယ်မှုများကို ဖော်ပြရန် မည်သို့ခွင့်ပြုသည်ကို သတ်မှတ်ပါသည်။ ရွေးကောက်တင်မြှောက်မှု ပုံစံများသည် ကိုယ်စားလှယ်လောင်းဗဟိုပြု (ဥပမာ – ပထမရသူ အနိုင်စနစ် FPTP) သို့မဟုတ် ပါတီဗဟိုပြုစနစ် (ဥပမာ – စာရင်းပိတ် အချိုးကျ ကိုယ်စားပြုမှုစနစ် closed List PR systems) တို့ ဖြစ်နိုင်ပါသည်။ ပါတီဗဟိုပြုသည့် ရွေးကောက်တင်မြှောက်မှုစနစ်တွင် ခွဲတမ်းစနစ်များကို အသုံးပြုရန် ပိုမိုလွယ်ကူပါသည်။ ပါတီတခုစီမှ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒရှင်များမှ ရွေးကောက်ပွဲနေ့တွင် ရွေးချယ်ခြင်းထက် အမည်စာရင်း တင်သွင်းချိန်တွင် သက်ဆိုင်ရာပါတီက ဆုံးဖြတ်တင်သွင်းပေးရသောကြောင့် ဖြစ်ပါသည်။ သို့သော် မဲဆန္ဒရှင်များ၏ သဘောဆန္ဒသည် အမျိုးသမီး ကိုယ်စားလှယ်လောင်းများကို ပိုမိုကြိုက်နှစ်သက်သည့်၊ မဲဆန္ဒရှင်များသည် ပါတီများက လိုလားသည်ထက် အမျိုးသမီးများကို ပိုမိုလိုလားသည့် နိုင်ငံများတွင်မူ ကိုယ်စားလှယ်လောင်း ဗဟိုပြုစနစ်များ (စာရင်းဖွင့် အချိုးကျစနစ် အပါအဝင်) က ခွဲတမ်းစနစ်များ အသုံးပြုမှု ပါပါ၊ မပါပါ အမျိုးသမီးများအား ရွေးချယ်မှုကို ကူညီပံ့ပိုးပေးနိုင်သည်။

ယခုစာအုပ်တွင် ပူးတွဲပါရှိသည့် ဇယားကွက်သည် မည်သည့်ခွဲတမ်းစနစ်ကို မည်သည့်ရွေးကောက် တင်မြှောက်သည့် စနစ်အောက်တွင် အသုံးပြုလိုက်ပါက မည်သည့်အကျိုးဆက်ကို မျှော်လင့်နိုင်မည်ကို သရုပ်ဖော်ပြပေးခြင်းဖြင့် ရွေးကောက်တင်မြှောက်သည့် စနစ်အမျိုးမျိုးနှင့် သတ်မှတ်ထားသော ခွဲတမ်း စနစ်များ ပေါင်းစပ်ခြင်းတို့၏ ခြုံငုံသုံးသပ်မှု အမြင်များကို တင်ပြထားသည်။ သက်ဆိုင်ရာ ပေါင်းစပ်မှုများ၏ နှိုင်းယှဉ်ရ အောင်မြင်မှု ဖြစ်နိုင်ခြေများကို အရောင်ချယ်များဖြင့် ပြသထားသည်။

*အစိမ်းရောင်* – ရွေးကောက်တင်မြှောက်သည့် စနစ်နှင့် ခွဲတမ်းစနစ် ပေါင်းစပ်မှုသည် ဖြစ်နိုင်ကာ အမျိုးသမီး ကိုယ်စားပြုမှုအတွက် အကျိုးဖြစ် နိုင်ခြေ ရှိသည်။

*အဝါရောင်* – ရွေးကောက်တင်မြှောက်သည့် စနစ်နှင့် ခွဲတမ်းစနစ် ပေါင်းစပ်မှုသည်ဖြစ်နိုင်ကာ အကယ်၍ ရွေးကောက်တင်မြှောက်သည့် စနစ်/ ခွဲတမ်းစနစ် ပေါင်းစပ်မှုက သတ်မှတ်ထားသော စံနှုန်းများကို ပြည့်မီမည်ဆိုပါက အမျိုးသမီး ကိုယ်စားပြုမှုအတွက် ဖြစ်နိုင်ခြေရှိသည်။

*အနီရောင်* – ရွေးကောက်တင်မြှောက်သည့် စနစ်နှင့် ခွဲတမ်းစနစ် ပေါင်းစပ်မှုသည် ဖြစ်လည်း မဖြစ်နိုင်သလို အမျိုးသမီး ကိုယ်စားပြုမှု တိုးတက်လာရန်လည်း ဖြစ်နိုင်ခြေမရှိပါ။

ထိုခြုံငုံသုံးသပ်ချက်များသည် ပေါင်းစပ်မှုများ လက်တွေ့တွင် မည်သို့ အလုပ်လုပ်သည်နှင့် ပတ်သက်သည့် လက်တွေ့စမ်းသပ် သက်သေပြ ထားသည့် အချက်အလက်များထက် ရွေးကောက်တင်မြှောက်သည့် စနစ်နှင့် ခွဲတမ်း စနစ်တို့အကြား အပြန်အလှန် ဆက်သွယ်မှု ဖြစ်စဉ်များကို ပိုမို အလေး ထားထားသည်။ ထို့ကြောင့် အောင်မြင်စွာ အသုံးပြုမှုကို ဖော်ပြရန် မည်သည့် စာရင်းဇယား အချက်အလက်များကိုမှ သို့မဟုတ် ထိုဘောင်အတွင်းမှ တခြား ပမာဏပြ အချက်အလက်များကိုမှ ဆက်စပ်စဉ်းစားရန် မဖြစ်နိုင်ပေ။

ဇယားသည် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှု အရေအတွက် မြင့်တက် လာစေနိုင်မည့် သီးသန့် ရွေးကောက်တင်မြှောက်သည့် စနစ်နှင့် ခွဲတမ်း စနစ်တို့၏ ဖြစ်နိုင်ခြေရှိသော ပေါင်းစပ်မှု အမျိုးမျိုးတို့ကို သရုပ်ဖော်ပြ ထားသည်။ အဖြစ်နိုင်ဆုံး ပေါင်းစပ်မှုများကို အစိမ်းရောင်နှင့် ပြထားသည်။ ထိုသို့သော ပေါင်းစပ်မှု အတော်များများကို သတ်မှတ်ပေး နိုင်ပါသည်။ ၎င်းတို့၏ အောက်တွင် အမျိုးသမီးများ ရွေးချယ်တင်မြှောက်ခံရမှုကို ပိုမိုဖြစ်စေနိုင်သည့် ပေါင်းစပ်မှုများနှင့် အခြေအနေများကို အောက်ပါအတိုင်း အကျဉ်းချုပ် ကြည့်နိုင်သည်။[၆]

**၅.၁ အကောင်းဆုံး အံဝင်ဂွင်ကျသော ပေါင်းစပ်မှုများ** (Best-fit combinations)

*ဒုတိယ နေရာအဆင့် + ချန်လပ်သတ်မှတ်ပေးထားသော နေရာများ – အမျိုးသမီး ကိုယ်စားလှယ်လောင်းများ အတွက်သာ ဖြစ်သော နေရာအဆင့်တို့ ပါဝင်သည့် စနစ်များ*

စနစ်အားလုံးသည် ရှိနေပြီး နေရာအဆင့်များကို အမျိုးသမီးများအတွက်သာဖြစ်သည့် နေရာအဆင့်များအဖြစ် ပြောင်းလဲပစ်နိုင်သည် သို့မဟုတ် အမျိုးသမီးများအတွက်သာ နေရာအဆင့်များကို အလှည့်ကျ ထပ်မံထည့်သွင်းနိုင်ပါသည်။ ၎င်းသည် သတ်မှတ်ပေးထားသော ခွဲတမ်းအတိုင်း အမျိုးသမီးများကို ရွေးချယ်တင်မြှောက်နိုင်စေရန် အာမခံပေးပါသည်။ ထိုပေါင်းစပ်မှု၏ ဥပမာတခု အနေဖြင့် – ပါကစ္စတန်

*အချိုးကျ ကိုယ်စားပြုမှုစာရင်း စနစ်နှင့် သေးငယ်သော ခရိုင်ဒေသများ + အမည်စာရင်းတင်သွင်းမှု – နေရာချမှု လုပ်ပိုင်ခွင့်/အဆင့်အတန်း အစဉ်စည်းမျဉ်းများနှင့် ရာနှုန်းထိန်းညှိပေးခြင်းများ (ဥပမာ – zipper ခွဲတမ်းစနစ်)*

စာရင်းများသည် အပိတ်များဖြစ်ပါက ထိုပေါင်းစပ်မှုသည် အလုပ်ဖြစ်စေရန် အာမခံပါသည်။ စာရင်းများသည် အပွင့်များဖြစ်ပါက အစဉ်များ ပြောင်းလဲကုန်ကာ ကြိုတင်ဆုံးဖြတ် သတ်မှတ်ထားသည့် အဆင့်အတန်းများကို ပျက်ပြားစေနိုင်သည်။ အချိုးကျ ကိုယ်စားပြုမှု စာရင်းနှင့် ကြီးမားသော ခရိုင်ဒေသများထက် အချိုးကျ ကိုယ်စားပြုမှု စာရင်းနှင့် သေးငယ်သော ခရိုင်ဒေသများက အကျိုးသက်ရောက်မှု အနည်းငယ် နည်းနိုင်ခြေရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ပါတီပမာဏသည် ပိုငယ်နိုင်၍ အမျိုးသားများသည် (၎င်းတို့သည် အမြဲတမ်း ထိပ်ပိုင်းခေါင်းဆောင်များ ဖြစ်ပါသည်)။ zipper ခွဲတမ်းစနစ်အောက်တွင်ပင် ပိုမို၍ အရွေးချယ်ခံရနိုင်သောကြောင့် ဖြစ်ပါသည်။ ၎င်းကိစ္စကို ပါတီတွင်း၌ စာရင်းထဲမှ နံပါတ် ၁ နေရာကို အချို့စာရင်းများတွင် အမျိုးသမီးများအားလည်းကောင်း၊ အချို့စာရင်းများတွင် အမျိုးသားများအား ပေးခြင်းဖြင့်လည်းကောင်း အလှည့်ကျ ပြုလုပ်ပေးခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။ ထိုပေါင်းစပ်မှု၏ ဥပမာ အနေဖြင့် – ဒိုမိနီကန် သမ္မတနိုင်ငံနှင့် အီကွေဒေါ

*အချိုးကျကိုယ်စားပြုမှုစာရင်း စနစ်နှင့် ကြီးမားသော ခရိုင်ဒေသများ + အမည်စာရင်း တင်သွင်းခြင်း – နေရာချမှု လုပ်ပိုင်ခွင့်/အဆင့်အတန်း အစဉ်စည်းမျဉ်းများ မပါသော ရာနှုန်းထိန်းညှိပေးခြင်းများ*

ထိုပေါင်းစပ်မှုသည် အမျိုးသမီးများ အရွေးချယ်ခံရနိုင်မှုကို ထင်ထင်ရှားရှား တိုးတက်စေနိုင်ပါသည်။ အထူးသဖြင့် ပါတီပမာဏကြီးလျှင် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စာရင်း၏ အောက်ဘက်ပိုင်းမှ အမျိုးသမီးများပင် အရွေးချယ်ခံကြရသောကြောင့် ဖြစ်ပါသည်။ ထိုပေါင်းစပ်မှု၏ ဥပမာအနေဖြင့် – မက်ဆီဒိုးနီးယား

*အချိုးကျ ကိုယ်စားပြုမှုစာရင်း စနစ်နှင့် ကြီးမားသော ခရိုင်ဒေသများ+ အမည်စာရင်း တင်သွင်းခြင်း – နေရာချမှု လုပ်ပိုင်ခွင့်/ အဆင့်အတန်း အစဉ် စည်းမျဉ်းများနှင့် ရာနှုန်းထိန်းညှိပေးခြင်းများ (ဥပမာ – zipper ခွဲတမ်းစနစ်)*

စာရင်းများသည် အပိတ်များဖြစ်ပါက ထိုပေါင်းစပ်မှုသည် အလုပ်ဖြစ်စေရန် အာမခံပါသည်။ စာရင်းများသည် အပွင့်များဖြစ်ပါက အစဉ်များ ပြောင်းလဲကုန်ကာ ကြိုတင်ဆုံးဖြတ် သတ်မှတ်ထားသည့် အဆင့်အတန်းများကို ပျက်ပြားစေနိုင်သည်။ အချိုးကျ ကိုယ်စားပြုမှု စာရင်းနှင့် ကြီးမားသော ခရိုင်ဒေသများထက် အချိုးကျ ကိုယ်စားပြုမှုစာရင်းနှင့် သေးငယ်သော ခရိုင်ဒေသများက အကျိုးသက်ရောက်မှု အနည်းငယ် နည်းနိုင်ခြေရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ပါတီပမာဏသည် ပိုငယ်နိုင်၍ အမျိုးသားများသည် (၎င်းတို့သည် အမြဲတမ်း ထိပ်ပိုင်းခေါင်းဆောင်များ ဖြစ်ပါသည်။ zipper ခွဲတမ်းစနစ် အောက်တွင်ပင် ပိုမို၍ အရွေးချယ်ခံရနိုင်သောကြောင့်ဖြစ်ပါသည်။ ထိုပေါင်းစပ်မှု၏ ဥပမာများ အနေဖြင့် – အာဂျင်တီးနား၊ ဘယ်လ်ဂျီယမ်၊ ကိုစ်တာရီကာနှင့် အီရတ် (၂၀၀၅ ရွေးကောက်ပွဲ)

*အစုအဝေးမဲပေးမှု (Block Vote – BV) + ကန့်သတ်မဲပေးမှု Limited Vote – LV နှင့် တကြိမ် ပြောင်းလဲခွင့် မရှိသော မဲပေးမှု Single Non-Transferable Vote (SNTV) + ချန်လှပ်သတ်မှတ်ထားသော နေရာများ – အကောင်းဆုံး အရှုံးသမား စနစ်*

လုံလောက်သော အမျိုးသမီး ကိုယ်စားလှယ်လောင်း မရှိခဲ့လျှင်ပင် ထိုစနစ်သည် ဖြစ်နိုင်ကာ အလုပ်လည်းဖြစ်ပါလိမ့်မည်။ ၎င်းသည် ပြိုင်ဘက်ပါတီများအား မည်သည့်နေရာအတွက်မှ မရှုံးစေရန်အတွက် အမျိုးသမီး ကိုယ်စားလှယ်လောင်းများအား သတ်မှတ်ပေးရန် မက်လုံးကိုပေးနိုင်ပါသည်။ ထိုပေါင်းစပ်မှု၏ ဥပမာ – ဂျော်ဒန်

*ပါတီစု မဲပေးမှု Party Block Vote (PBV) + အမည်တင်သွင်းခြင်း – နေရာချ မှုလုပ်ပိုင်ခွင့်/ အဆင့်အတန်းအစဉ် စည်းမျဉ်းများ မပါသော ရာနှုန်းထိန်းညှိပေးခြင်းများ*

မဲအရေအတွက် အများဆုံး ရခဲ့ပါက စာရင်းရှိ အားလုံး အရွေးချယ်ခံရနိုင်သည့်အတွက် ထိုပေါင်းစပ်မှုသည် အလုပ်ဖြစ်ရန် အာမခံပါသည်။ ခွဲတမ်းစနစ်၏ သက်ရောက်မှုကို လျော့ကျစေနိုင်သော လွတ်လပ်သည့် ကိုယ်စားလှယ်လောင်းများ (တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ) မှာ သူတို့၏ အနိုင်ရနိုင်မှုသည် အလွန်နည်းသည့်အတွက် ကြီးမားသော ပမာဏအထိ အနိုင်ရနိုင်မှုတော့ မရှိပေ။ ထိုပေါင်းစပ်မှု၏ ဥပမာများ – ကင်မရွန်း (အကြီးဆုံးပါတီ ၂ ခုမှ ချမှတ်သည့် မိမိသဘောဆန္ဒအရ ပြုလုပ်သော ပါတီခွဲတမ်းစနစ်) နှင့် ဂျာဘူဒီ (Djibouti)

*ပါတီစု မဲပေးမှု Party Block Vote (PBV) + အမည်တင်သွင်းခြင်း – နေရာချမှုလုပ်ပိုင်ခွင့်/ အဆင့်အတန်းအစဉ် စည်းမျဉ်းများနှင့် ရာနှုန်းထိန်းညှိပေးခြင်းများ*

မဲအရေအတွက် အများဆုံးရခဲ့ပါက စာရင်းရှိ အားလုံး အရွေးချယ်ခံရနိုင်သည့်အတွက် နေရာချမှု လုပ်ပိုင်ခွင့်/ အဆင့်အတန်းအစဉ် စည်းမျဉ်းများ မရှိလျှင်လည်း ထိုပေါင်းစပ်မှုသည် အလုပ်ဖြစ်ရန် အာမခံပါသည်။

*တကြိမ်ပြောင်းလဲခွင့်ရှိသော မဲပေးမှု Single Transferable Vote (STV) + ချန်လှပ်သတ်မှတ်ထားသော နေရာများ – အကောင်းဆုံး အရှုံးသမား စနစ်*

ထိုပေါင်းစပ်မှုသည် အစုအဝေးမဲပေးမှု (Block Vote – BV) ၊ ကန့်သတ်မဲပေးမှု Limited Vote – LV နှင့် တကြိမ် ပြောင်းလဲခွင့် မရှိသော မဲပေးမှု Single Non-Transferable Vote (SNTV) တို့ စဉ်းစားသကဲ့သို့ပင် ဖြစ်နိုင်ပါသည်။ အမျိုးသမီးများ ရွေးချယ်တင်မြှောက်ခံရခြင်း မရှိခဲ့ဘဲ ခရိုင်ဒေသတခုစီတွင် ချန်လှပ်သတ်မှတ်ထားသော နေရာများမှအပ အားလုံး ပြည့်သွားသည့်အခါ မဲအများဆုံး အပေးခံရသည့် အမျိုးသမီးများကို ရွေးချယ်ကြသည်။

*ရောနှောအဖွဲ့ဝင်အချိုးကျ + ချန်လှပ်သတ်မှတ်နေရာများ – အမျိုးသမီးကိုယ်စားလှယ်များအတွက်သာ အဆင့်နေရာ*

ထိုပေါင်းစပ်မှုသည် သတ်မှတ်ပေးထားသော ခွဲတမ်းအတိုင်း အမျိုးသမီးများကို ရွေးချယ်တင်မြှောက်နိုင်စေရန် အာမခံပေးပါသည်။

*ဘိုဒါ မဲရေတွက်မှု (Borda Count) + ချန်လှပ်သတ်မှတ်ထားသောနေရာများ – အကောင်းဆုံး အရှုံးသမားစနစ်*

ထိုပေါင်းစပ်မှုသည် အစုအဝေးမဲပေးမှု (Block Vote – BV) ၊ ကန့်သတ်မဲပေးမှု Limited Vote – LV တကြိမ် ပြောင်းလဲခွင့် မရှိသော မဲပေးမှု Single Non-Transferable Vote (SNTV) နှင့် တကြိမ် ပြောင်းလဲခွင့်ရှိသော မဲပေးမှု Single Transferable Vote (STV) တို့တွင် စဉ်းစားသလိုပင် ဖြစ်နိုင်ခြေရှိပါသည်။ သို့သော် အဖွဲ့ဝင်အများ ခရိုင်ဒေသများတွင်သာ ဖြစ်ပါသည်။

### ၅.၂ ကောင်းမွန်စွာ အလုပ်ဖြစ်သော်လည်း အထူးအာရုံစိုက်ရန် လိုအပ်သည့် အလယ်အလတ် အံဝင်ဂွင်ကျသော ပေါင်းစပ်မှုများ

သီးသန့်သက်ရောက်မှု ကိန်းရှင်များအား ထည့်သွင်းစဉ်းစားပါက အကောင်းဆုံး အံဝင်ဂွင်ကျသော ပေါင်းစပ်မှုများ (Best-fit combinations) အပြင် အခြားပေါင်းစပ်မှု တော်တော်များများသည်လည်း အဆင့်တခုအထိ အလုပ်ဖြစ်နိုင်ပါသည်။ ထိုအထဲမှ အချို့ကို အောက်တွင် ဖော်ပြထားသည်။ ရွေးကောက်တင်မြှောက်မှုစနစ်၏ နည်းပညာပိုင်းအရ ခွဲတမ်းစနစ် စီစဉ်မှုကို

ပျက်ပြယ်သွားအောင် လုပ်နိုင်သောကြောင့် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်မှု မြှင့်တင်ခြင်း ရည်ရွယ်ချက်ကို မထိခိုက်စေရန်အတွက် ထိုကိစ္စများသည် ဥပဒေပြုရေးတွင် အမျိုးသမီးပါဝင်မှု မြင့်မားရေး အောင်မြင်စေရန် ရည်ရွယ် လုပ်ဆောင်နေသော အစုအဖွဲ့ဆိုင်ရာ ပုံဖော်သူ၏ အသေးစိတ် အာရုံစိုက်မှုကို လိုအပ်ပါသည်။

ထိုကိစ္စ၏ ဥပမာတခုမှာ မည်သည့်ခွဲတမ်းစနစ်မှ မသုံးသော ကျယ်ပြန့်သည့် ခရိုင်ဒေသများနှင့် အချိုးကျ ကိုယ်စားပြုစာရင်း စနစ်ဖြစ်သည်။ အချိုးကျ ကိုယ်စားပြုမှုစာရင်း စနစ်များသည် အမျိုးသမီးများ အမည်စာရင်း တင်သွင်းခံရရန် မက်လုံးများ ပေးနိုင်ကာ မတူညီသော နည်းလမ်းများမှ အမျိုးသမီးများ အရွေးချယ်ခံရနိုင်ခြေကို မြှင့်တင်ပေးသည်။ အမျိုးသမီးများကို လည်း အမျိုးသားများနှင့်အတူ အမည်စာရင်း တင်သွင်းနိုင်သည့်အတွက် လက်ရှိအမျိုးသား ကိုယ်စားလှယ်များကို အထူးမထိခိုက်စေတော့ပါ။ မဲတော်တော် များများသည် ပါတီအတွက် နောက်ထပ် ကိုယ်စားလှယ်နေရာ ရရှိရေးသို့ ရှေးရှုသွားကြသည်။ အဓိပ္ပာယ်မှာ ပါတီသည် သတ်မှတ်ထားသည့် အပိုင်မဲ ဆန္ဒရှင်များ အုပ်စု၏ အပြင်ဘက်သို့ထွက်၍ မဲဆွယ်မှု ပြုလုပ်ရန် အရေးကြီး ပါသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ပါတီများသည် များပြားလှပြီး ပေါ်လစီအရလည်း မတိမ်းမယိမ်း ရှိကြသောကြောင့် အမျိုးသမီးများအတွက် မျှတမှုကို သဘော မပေါက်သော ပါတီများသည် မဲဆန္ဒရှင်များကို ဆုံးရှုံးရသည့် အန္တရာယ်နှင့် ရင်ဆိုင်ရတတ်ပါသည်။ ပါတီပမာဏနှင့် နယ်မြေဒေသ ကြီးမားလေလေ အမျိုး သမီးများ အရွေးချယ်ခံရနိုင်မှု များလာလေလေ ဖြစ်သည်။ သို့သော် ခွဲတမ်းစနစ် များ မပါသည့် အချိုးကျ ကိုယ်စားပြုမှု စာရင်းကိုပင် အသုံးပြုမှုသည်မှ အမျိုး သမီးများ ကိုယ်စားပြုမှု မြင့်မားလာမည်ဟု အာမမခံနိုင်ပါ။

အခြားဥပမာတခုမှာ "ချန်လှပ်သတ်မှတ်ထားသော နေရာများနှင့် မည်သည့်စနစ်မဆို (တနိုင်ငံလုံး အတိုင်းအတာ နယ်မြေဒေသတခုနှင့် အချိုးကျ ကိုယ်စားပြုမှုစာရင်း စနစ်မှလွဲ၍) – အမျိုးသမီး ကိုယ်စားလှယ်များ အတွက်သာ နယ်မြေဒေသအချို့" ကို အသုံးပြုမှု ဖြစ်ပါသည်။ ထိုပေါင်းစပ်မှုသည် သီအိုရီအရသာ အလုပ်ဖြစ်၍ တကယ် အကျိုးဖြစ်ထွန်းစေရန်အတွက် ၎င်းသည် အမျိုးသမီးများသာ ရွေးကောက်ပွဲဝင်ရန် ခွင့်ပြုသော ပထဝီနယ်မြေများ လိုအပ် ပါသည်။ ၎င်းကို မည်သည့်ရွေးကောက်တင်မြှောက်မှု နယ်မြေတွင် အသုံးပြုမည်ဟု ဆုံးဖြတ်ရန် ခက်ခဲနိုင်သလို မဲဆန္ဒရှင်များကော၊ ကိုယ်စားလှယ်လောင်းများမှပါ သူတို့၏ ရွေးချယ်မှု သို့မဟုတ် နိုင်ငံရေး လွတ်လပ်ခွင့်များကို ထိပါးခံရသည်ဟု ခံစားလာရနိုင်ပါသည်။ ခရိုင်ဒေသတခုထဲမှ အချိန်တိုင်းတွင် အမျိုးသမီးများ ချည်း ရွေးကောက်ပွဲဝင်ရန် ခွင့်ပြုထားသလို မဖြစ်စေရန်အတွက် ထိုကဲ့သို့သော ခရိုင်ဒေသများကို ရွေးကောက်ပွဲတခုနှင့် တခုကြားတွင် လှည့်လည်သတ်မှတ်နိုင် ပါသည်။ သို့သော် အမျိုးသမီးများသာ ရွေးကောက်ပွဲဝင်ရန်ဟု ပြောင်းလဲသတ်မှတ် လိုက်သည့် နယ်မြေဒေသများတွင် လက်ရှိအမျိုးသားများကို ပြန်လည် ယှဉ်ပြိုင်ခွင့် မပြုတော့သောကြောင့် ရွေးကောက်ပွဲ ဥပဒေပြုမှုတွင် အပြည့်အဝ

မပါဝင်ဘဲနှင့်ပင်လျှင် အမျိုးသားများအတွက် ရွေးချယ်ခံသက်တမ်းကို ကန့်သတ်လိုက်သလို အကျိုးသက်ရောက်တတ်ပါသည်။ ထိုအမျိုးသားများကို အခြားနယ်မြေများတွင် အရွေးချယ်ခံခွင့် ပြုခဲ့လျှင်လည်း သူတို့၏ နေရာမဟုတ်သည့် နယ်မြေစိမ်းတခုတွင် အရွေးခံရခြင်းဖြစ်သောကြောင့် လက်တွေ့တွင်အောင်မြင် အနိုင်ရနိုင်ရန် မဖြစ်နိုင်သလောက် ဖြစ်ရပါသည်။

အခြားဥပမာများမှာ "အပြိုင် သို့မဟုတ် အဖွဲ့ဝင် ရောနှော၍ အချိုးကျ စနစ်နှင့် အမည်စာရင်းတင်သွင်းမှုများ – နေရာချမှု လုပ်ပိုင်ခွင့်/ အဆင့်အတန်း အစဉ် စည်းမျဉ်းများ မပါသော ရာနှုန်းထိန်းညှိပေးခြင်းများ သို့မဟုတ် နေရာချမှု လုပ်ပိုင်ခွင့်/ အဆင့်အတန်းအစဉ် စည်းမျဉ်းများနှင့် ရာနှုန်းထိန်းညှိပေးခြင်းများ (ဥပမာ – zipper ခွဲတမ်းစနစ်)" အသုံးပြုမှု ဖြစ်သည်။ ထိုခွဲတမ်းစနစ်များသည် စနစ်၏ အချိုးကျ ကိုယ်စားပြုစာရင်း အပိုင်းအတွက်သာ အလုပ်ဖြစ်ပါသည် (အကယ်၍ ကိစ္စတော်တော်များများတွင် နယ်မြေဒေသ၏ စနစ်မှာ ပထမရသူ အနိုင်စနစ် (FPTP) ဖြစ်လျှင် – သောကြောင့်)။ ခွဲတမ်းစနစ်များ၏ အကျိုးရှိမှုသည် စာရင်း၏ ဖွင့်ခြင်း ပိတ်ခြင်းတို့နှင့် ပါတီ၏ ပမာဏ၏ သက်ရောက်မှုရှိသည်။ ထပ်ပြောရလျှင် စည်းမျဉ်းအရ ပါတီပမာဏ ကြီးလာလေ၊ အမျိုးသမီး ကိုယ်စားလှယ်လောင်းများအတွက် ပိုမိုဖြစ်နိုင်လာလေ ဖြစ်သည်။ ဥပမာ – အာမေးနီးယား (၅ ％ သာ ချန်လှပ်သတ်မှတ်ထားသော်လည်း)

### ၅.၃ မဖြစ်နိုင်သော သို့မဟုတ် အလားအလာ မကောင်းသော ပေါင်းစပ်မှုများ

ယခုစာအုပ်၌ နိုင်ငံရေးတွင် အမျိုးသမီးပါဝင်ခွင့် မြင့်မားလာစေရေး အောင်မြင်စေရန် မဖြစ်နိုင်သော သို့မဟုတ် ဖြစ်နိုင်ခြေနည်းသော ရွေးကောက်တင်မြှောက်မှု စနစ်များနှင့် ခွဲတမ်းစနစ်များ၏ ပေါင်းစပ်မှု ၁၆ ခုကို ဖော်ပြထားသည်။ ထိုစာရင်းထဲတွင် ဖော်ပြထားသော အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုကို မြှင့်တင်ရန် ရည်ရွယ်သည့် နိုင်ငံများသည် အမျိုးသမီးများ၏ ရွေးကောက်တင်မြှောက်မှုကို အသုံးပြုနေသော ရွေးကောက်တင်မြှောက်မှု စနစ်ကို ပြန်လည်သုံးသပ်ခြင်းအားဖြင့်လည်းကောင်း သို့မဟုတ် အလားအလာ မကောင်းသော ပေါင်းစပ်မှု အဆင့်မှ အခြားခေါင်းစဉ်တခုသို့ ပြောင်းလဲသွားစေနိုင်သော ခွဲတမ်းစနစ်များကို မိတ်ဆက်ပေးခြင်း သို့မဟုတ် ပြန်လည် စဉ်းစားခြင်း အားဖြင့်လည်းကောင်း ထောက်ခံပံ့ပိုးပေးနိုင်သည်။ ၎င်းသည် အမျိုးသမီး ကိုယ်စားပြုမှုကို မြင့်မားစေရုံတင်မကဘဲ ရွေးကောက်ပွဲ၏ ရလဒ်ကိုလည်း ထင်ထင်ရှားရှား ပြောင်းလဲသွားစေကာ အခြားကျယ်ပြန့်သော နိုင်ငံရေး သက်ရောက်မှုများကိုလည်း ဖြစ်စေသောကြောင့် ငြင်းခုံစရာတော့ ဖြစ်နေပါသည်။ ထို့ကြောင့် ရွေးကောက်တင်မြှောက်မှု စနစ်၏ ဖြစ်လာနိုင်သော အပြောင်းအလဲများကို သေသေချာချာ စဉ်းစားထားရပါမည်။ ပြောင်းလဲမှု အတွက် နိုင်ငံရေးစိတ်ထားနှင့် ရွေးကောက်ပွဲ အာဏာပိုင်များနှင့် ဥပဒေပြုမှု အပိုင်းတို့အပေါ်တွင် အဆင်သင့်ဖြစ်မှု ရှိရပါမည်။ ထပ်မံ၍ ပြောင်းလဲမှုအပေါ်တွင် သက်ဆိုင်သော အဓိက အင်အားစုများမှ ထောက်ခံမှု ရှိရပါမည်။

## ၅.၄ ဇယား၏ အချုပ်

မည်သည့် ရွေးကောက်တင်မြှောက်မှု စနစ်ကမှ မဲဆန္ဒများကို ကိုယ်စားလှယ် နေရာများအဖြစ် အမှီအခို ကင်းသည့် နည်းလမ်းဖြင့် ပြောင်းလဲပေးသည် မဟုတ်ပေ။ မည်သည့် ရွေးကောက်တင်မြှောက်မှု ပုံစံကို သုံးသည်ဖြစ်စေ ၎င်းတွင် အမျိုးသမီး ကိုယ်စားပြုမှုအဆင့် အပါအဝင် ကွဲပြားသော နိုင်ငံရေးသက်ရောက်မှု အများအပြား ရှိတတ်ပါသည်။ ခွဲတမ်းစနစ် မပါဘဲ မူရင်းအတိုင်းသုံးသော ကျယ်ပြန့်သော နယ်မြေဒေသမှ အချိုးကျ ကိုယ်စားပြုစာရင်း စနစ်များသည် အမျိုးသမီးများ အရွေးချယ်ခံရမှု၏ ကောင်းမွန်သော အခြေအနေကို ဖန်တီးပေးကာ အဖွဲ့ဝင်တဦး နယ်မြေဒေသ စနစ်များသည် အမျိုးသမီး ကိုယ်စားလှယ်လောင်းများအတွက် အတားအဆီးများကို ဖြစ်စေပါသည်။

ထိုသို့ဖြစ်သော အချိုးကျ ကိုယ်စားလှယ်စာရင်း စနစ်၏ ကောင်းကျိုးများ အတွက် အကြောင်းပြချက်အချို့မှာ (က) ၎င်းသည် အဖွဲ့ဝင်အများ ခရိုင်ဒေသများကို အမြဲအသုံးပြုတတ်ခြင်း၊ (ခ) အချိုးကျ ကိုယ်စားလှယ်စာရင်း စနစ်အောက်မှ ရွေးကောက်ပွဲများမှ ရရှိသော ပါတီပမာဏများသည် အမြဲတမ်း ကြီးမားတတ်ကြခြင်းတို့ဖြစ်ပါသည်။ သို့သော် အချိုးကျ ကိုယ်စားလှယ်စာရင်း စနစ်သည်သာ ခွဲတမ်းစနစ်ကို အကျိုးရှိစွာ အကောင်အထည်ဖော်နိုင်ခြင်း အခြေခံကောင်းကို ပေးနိုင်သည့် တခုတည်းသော စနစ် မဟုတ်ပါ။ ခရိုင်ဒေသ ကျယ်နှင့် အခြားစနစ်များနှင့် ပါတီဗဟိုပြုမဲပေးစနစ် ဥပမာ – PBV လိုမျိုးတို့ သည်လည်း အမျိုးသမီးများ ရွေးကောက်တင်မြှောက်မှုကို မြှင့်တင်နိုင်ရန် အကျိုးရှိကြပါသည်။

ခွဲတမ်းစနစ် ဖော်ဆောင်မှုကို ပိုမိုခက်ခဲအောင် ပြုလုပ်သော ရွေးကောက် တင်မြှောက်သည့် စနစ်များမှာ ကိုယ်စားလှယ်ဗဟိုပြု မဲပေးစနစ်နှင့် သေးငယ်သော ရွေးကောက်တင်မြှောက်သည့် ခရိုင်နယ်မြေများ၊ ဗဟိုချုပ်ကိုင်မှု မရှိသော အမည် တင်သွင်းသည့် လုပ်နည်းလုပ်ဟန် (အခန်းခွဲ ၆.၅ ကို ကြည့်ပါ) တို့ကို အသုံးပြုသော စနစ်များနှင့် ပါတီပမာဏငယ် ရလဒ်ကို ရစေသော စနစ်များ ဥပမာ – FPTP, TRS နှင့် AV တို့ ဖြစ်သည်။ STV လိုမျိုး အချိုးကျစနစ် များသည်ပင်လျှင် ကိုယ်စားလှယ်လောင်း ဗဟိုပြုစနစ် ဖြစ်သောကြောင့် အချို့ခွဲတမ်းစနစ်များနှင့် ပေါင်းစပ်ရခက်ခဲပါသည်။

ကိုယ်စားလှယ်လောင်း အမည်တင်သွင်းမှု လုပ်ငန်းစဉ်တွင် ခွဲတမ်းစနစ်များကို အသုံးပြုသည့်အခါ (ရာနှုန်းသတ်မှတ်ခြင်း သို့မဟုတ် အရေအတွက် သတ်မှတ်ခြင်း သို့မဟုတ် အဆင့်အတန်းအစဉ် စည်းမျဉ်း) ခွဲတမ်းများသည် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအတွက် အသုံးပြု၍ မရသောကြောင့် ထိုသို့ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ များစွာရှိနေခြင်းသည့် လက်တွေ့တွင် ခွဲတမ်းစနစ်ကို အကျိုးသက်ရောက်မှု နည်းစေပါသည်။ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း အရေအတွက် အနည်းငယ်သာရှိခြင်းနှင့် အဆင့်အတန်းအစဉ် စည်းမျဉ်းများကို အသုံးပြုခြင်း

(ဥပမာ – zipper ခွဲတမ်းစနစ်များ) တို့သည် ခွဲတမ်းစနစ်များက သတ်မှတ်ထား သော အမျိုးသမီး အရေအတွက်အတိုင်း ရွေးချယ်တင်မြှောက်နိုင်စေသည်။ သို့သော် ကိုယ်စားလှယ်လောင်းများ၏ အဆင့်အတန်းကို မဲဆန္ဒရှင်များမှ ရွေးကောက်ပွဲ နေ့တွင် ဆုံးဖြတ်ပေးခြင်းဖြစ်သဖြင့် ကိုယ်စားလှယ်လောင်း ဗဟိုပြုစနစ် အတော်များ များသည် အဆင့်အတန်း ကြိုတင်ဆုံးဖြတ်မှုကို ခွင့်မပြုပေ။

အကောင်းဆုံး အရှုံးသမားစနစ်သည် အမျိုးသမီးများ အရွေးချယ်ခံရနိုင်ရန် အာမခံနိုင်ပါသည်။ (အကယ်၍ ကိုယ်စားလှယ်လောင်း အရေအတွက် လုံလောက် စွာ ရှိခဲ့လျှင်နှင့် ခရိုင်ဒေသတခုစီတွင် တဦးထက်ပို၍ ရွေးချယ်တင်မြှောက်ခဲ့လျှင်) သို့သော် ပိုနည်းသော မဲအရေအတွက်သာရသည့် အချို့ကိုယ်စားလှယ်လောင်း များသည် ပိုများသော မဲအရေအတွက်ရသည့် အခြားကိုယ်စားလှယ်လောင်းများကို ကျော်တက်သွားနိုင်သည့်အတွက် ထိုစနစ်သည် ငြင်းခုံစရာ ဖြစ်နေနိုင်ပါသည်။ ကိုယ်စားလှယ်လောင်း ဗဟိုပြုစနစ်များတွင် သီအိုရီအရ အကောင်းဆုံး အရှုံးသမား စနစ်သည် အမျိုးသမီးများအတွက် နေရာများကို ပါတီတခုမှ နောက်တခုသို့ ရွှေ့၍ပင် သွားစေနိုင်ပါသည်။ ထိုကိစ္စသည် ဥပဒေပြုလွှတ်တော်၏ ဖွဲ့စည်းပုံကို သက်ရောက်စေနိုင်သောကြောင့် ထိုစနစ်သည် ငြင်းခုံစရာ ဖြစ်နေနိုင်ပါသေးသည်။ ကျား၊ မ တန်းတူရေး အခြေခံပေါ်တွင် ကိုယ်စားလှယ်လောင်းတဦးကို ပေးသည့် ကြိုက်နှစ်သက်မှုသည် အမည်စာရင်းတင်သွင်းမှုတွင် ခွဲတမ်းစနစ်များကို အသုံးပြုလိုက်သည့်အခါ ဖြစ်လာသည့် ကြိုက်နှစ်သက်မှုထက် ပိုမိုထင်ရှားသည့် အတွက် ထိုခွဲတမ်းစနစ် အသုံးပြုခြင်းသည် အခြားပုံစံကို အသုံးပြုခြင်းထက် ပို၍ ခက်ခဲနိုင်ပါသည်။

အားလုံးအနေဖြင့်ဆိုလျှင် အကျိုးအရှိဆုံး ဖြစ်နိုင်သည့် ခွဲတမ်းစနစ်များသည် ကိုယ်စားလှယ်လောင်း အမည်တင်သွင်းခြင်း လုပ်ငန်းစဉ်ကို ပစ်မှတ်ထားသည့် ခွဲတမ်းစနစ်များထက် ရလဒ်ကို ပစ်မှတ်ထားသည့် ခွဲတမ်းစနစ်များ ဖြစ်နေသော်လည်း ရလဒ်အခြေပြုများသည် အချို့နိုင်ငံများတွင် အလွန်ငြင်းခုံစရာ ဖြစ်နေသည့် အတွက် အမည်တင်သွင်းခြင်းကို အဓိကထားသည့် ခွဲတမ်းစနစ်များကို အသုံးပြုနေ ရဆဲ ဖြစ်ပါသည်။ ရွေးချယ်မှုသည် အကျိုးရှိသော်လည်း ငြင်းခုံရသည့် ခွဲတမ်းစနစ် များကတဖက်၊ အကျိုးရှိမှု နည်းသော်လည်း ငြင်းခုံရမှုလည်း နည်းသည့် ခွဲတမ်း စနစ်များကတဘက် ကြားထဲတွင် ရှိနေပါသည်။

နောက်ဆုံးဖြစ်သော်လည်း အရေးကြီးသည့်တချက်မှာ စိတ်ဝင်စားစရာလည်း ကောင်းလှပါသည်။ ၎င်းမှာ မဖြစ်နိုင်သော ရွေးကောက်တင်မြှောက်မှုစနစ် ဆိုသည်မှာ မရှိဘဲ အမျိုးသမီးများအတွက် အလားအလာ မကောင်းပါဟု အမြဲစဉ်းစားဖြစ်ခဲ့သော စနစ်များအောက်တွင်ပင် ခွဲတမ်းစနစ်၏ ဉာဏ်ပြေကို ပုံဖော်ရန် ဖြစ်နိုင်သည်ကို မှတ်သားရခြင်း ဖြစ်ပါသည်။

## ၆။ အမျိုးသမီးများ၏ ကိုယ်စားပြုမှုအပေါ်တွင် သက်ရောက်စေသော အခြားပြောင်းလဲမှု ကိန်းရှင်များ

အသုံးပြုသော ရွေးကောက်တင်မြှောက်မှု စနစ်အပြင် ယေဘုယျအားဖြင့် အမျိုးသမီးများ ကိုယ်စားပြုမှုနှင့် ခွဲတမ်းစနစ်၏ အကျိုးသက်ရောက်မှုကို အတိအကျ သက်ရောက်စေနိုင်သော အခြားကိန်းရှင် အမျိုးမျိုးလည်း ရှိပါသေးသည်။ အောက်ပါတို့သည် စဉ်းစားရန် အဓိကကိစ္စများ ဖြစ်ပါသည်။

### ၆.၁ အသက်ဝင်နိုင်မှု

အထက်တွင် ဖော်ပြထားသလိုပင် ခွဲတမ်းစနစ်များသည် အသက်တကယ်ဝင်နိုင်မှသာ အကျိုးသက်ရောက်မှုရှိသော ကိရိယာများအဖြစ် အာမခံချက်ပေးနိုင်ကာ ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများမှ တကယ်အသုံးပြုကြမည်ဖြစ်သည်။ ခွဲတမ်းစနစ်များကို နောက်ဆက်တွဲ တကယ်အသုံးပြုမှုကို သေချာစေရန် ဥပဒေအရ ချိတ်ဆက်ထားမှုကို တရားဝင် လိုအပ်ကာ (ဥပဒေပြုမှု သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထား သော ခွဲတမ်းစနစ်မျိုး) ရွေးကောက်ပွဲ အုပ်ချုပ်ရေးအဖွဲ့ Electoral Management Body (EMB) လိုမျိုး၏ ကြီးကြပ်စောင့်ကြည့်မှုမျိုးလည်း လိုအပ်ပါသည်။ ထို့အပြင် ဥပဒေ အတည်ပြုထားမှုအောက်တွင် မလိုက်နာမှုများကို နောက်ဆက်တွဲ ဆက်လက် အရေးယူသွားရန်မှာလည်း အရေးကြီးကာ ၎င်းသည် ပါတီများ အတွက် တကယ့်လိုက်နာရမည့် ကိစ္စတခုအဖြစ် ရှင်းရှင်းလင်းလင်း ဖြစ်နေရမည်။ အချို့နိုင်ငံများနှင့် အခြေအနေများတွင် မိမိသဘောအရ ပြုလုပ်သော ခွဲတမ်းစနစ်များ သို့မဟုတ် အတည်ပြုမှု၊ အရေးယူမှု မရှိသော ဥပဒေပြုမှု ခွဲတမ်း စနစ်များမှလည်း ခပ်ဆင်ဆင် ရလဒ်များရရှိရန် ဖြစ်နိုင်ပါသည်။ (ဥပမာ – အင်ဒိုနီးရှားတွင် ပြုလုပ်သော သူတို့၏ ကိုယ်စားလှယ်လောင်းစာရင်းတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ％ ပါဝင်နေရန် ဆန္ဒကို ရင်ထဲ၌ အမြဲရှိနေရမည်ဟု တိုက်တွန်းသည့် "ဒွိဟခွဲတမ်း" maybe-quota လိုမျိုး ဖြစ်သည်) ။ သို့သော် အကျိုးသက်ရောက်မှုသည် ပါတီတခုချင်းစီ၏ စိတ်ဆန္ဒအပေါ်တွင်သာ တည်မှီကာ ရွေးကောက်ပွဲတခုနှင့် တခုအကြားတွင် ထိုစိတ်ဆန္ဒသည် ပြောင်းလဲ သွားနိုင်သည်။

### ၆.၂ ရွေးကောက်ပွဲ အုပ်ချုပ်ရေးအဖွဲ့ Electoral Management Body (EMB) ၏ အရည်အသွေး

နိုင်ငံရေးပါတီများအား ရွေးကောက်တင်မြှောက်မှုစနစ်နှင့် ၎င်းအောက်မှ မိမိသဘောအရကော ဥပဒေရပါ အသုံးပြုရမည့် ခွဲတမ်းစနစ်များကို အသိပေး နိုင်ရန်အတွက် ကျွမ်းကျင်မှုရှိသော ရွေးကောက်ပွဲ အုပ်ချုပ်ရေးအဖွဲ့တခု လိုအပ် ပါသည်။ ထို့ထက်ပင် EMB သည် ခွဲတမ်းစနစ်ကို ကြီးကြပ်အုပ်ချုပ်ရန် အရည်အချင်းနှင့် ဆန္ဒလည်း လိုအပ်ပါသည်။ အကယ်၍ မလိုက်နာပါက အရေးယူအပြစ်ပေးမှုများကို လိုအပ်သလို ပြုလုပ်ရန် လိုသည်။

### ၆.၃ ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များနှင့် မဲဆန္ဒရှင်များ၏ ကြိုက်နှစ်သက်မှု

အမျိုးသမီး ကိုယ်စားလှယ်လောင်းများအပေါ်တွင် ထားသော မဲဆန္ဒရှင်များ၏ သဘောထားလည်း ထိုအမျိုးသမီးများ အရွေးချယ်ခံရရန် ဖြစ်နိုင်ခြေကို သက်ရောက်မှု ရှိပါသည်။ အထူးသဖြင့် ကိုယ်စားလှယ်လောင်း ဗဟိုပြုစနစ်မျိုးတွင် ဖြစ်ပါသည်။ ထို့အပြင် မဲဆွယ်မှုအတွက် လိုအပ်သော အရင်းအမြစ်များနှင့် လူထုမီဒီယာသို့ ထိုးဖောက်နိုင်မှုကလည်း ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သော အမျိုးသမီးများ၏ အောင်မြင်မှုအပေါ်တွင် လွှမ်းမိုးမှုရှိသည်။[၈]

### ၆.၄ မျှော်မှန်းဖြစ်ချင်သူ

အမျိုးသမီး အမတ်များအဖြစ် မျှော်မှန်းဖြစ်ချင်သူကို နိုင်ငံရေးပါတီများမှ ရရှိနိုင်ရန်၊ သတ်မှတ်ရှာဖွေနိုင်ရန်နှင့် လေ့ကျင့်ပေးနိုင်ရန် လိုအပ်ပါသည်။ အမျိုးသမီးများ သူတို့ဘာသာသူတို့ ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းလာရန် သို့မဟုတ် အတင်သွင်းခံနိုင်လာစေရန် သူတို့အတွက် လုပ်ချင်လာစေမည့် မက်လုံးများ ဖန်တီးပေးရန်လည်း အရေးကြီးပါသည်။နိုင်ငံရေးပါတီများသည် ထိုသို့မျှော်မှန်းဖြစ်ချင်သူများကို ကူညီထောက်ပံ့ပေးရန်နှင့် ထက်မြက်သော အမျိုးသမီးများကို ရှာဖွေရန်တို့တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာကြရသည်။

### ၆.၅ ဗဟိုထိန်းချုပ်မှုရှိသော/ ဗဟိုထိန်းချုပ်မှု မရှိသော အမည်စာရင်း တင်သွင်းသည့် လုပ်နည်းလုပ်ဟန်များ

ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းသည့် လုပ်နည်းလုပ်ဟန်များသည် ပါတီတွင်း စည်းမျဉ်းထိန်းညှိမှုများနှင့် တရားဝင် ပြုလုပ်ထားသော ခွဲတမ်းစနစ်များ၏ အကျိုးရှိမှုကို သက်ရောက်စေပါသည်။ တဖက်တွင်လည်း ဗဟိုထိန်းချုပ်မှုရှိသော အမည်စာရင်း တင်သွင်းသည့် လုပ်နည်းလုပ်ဟန်သည် ဒေသခံပါတီရုံးခွဲများ တခုချင်းစီကို ရှင်းပြပြောဆိုမနေတော့ဘဲ ပါတီကိုယ်စားလှယ်လောင်း စာရင်း၏ ဖွဲ့စည်းမှုနှင့် ပတ်သက်၍ ဆုံးဖြတ်နိုင်သောကြောင့် ပိုမိုမြန်ဆန် လွယ်ကူစေပါသည်။ အခြားတဖက်တွင်လည်း ထိုလုပ်ဟန်သည် အောက်ခြေအဆင့်၊ ဒေသအဆင့်တွင် တက်ကြွသော အမျိုးသမီးများကို ဗဟိုအဆင့်မှ မသိရှိနိုင်သည့်အတွက် နိုင်ငံတော်အဆင့် အမည်စာရင်းတင်သွင်းရန်ကို အခက်အခဲ ဖြစ်စေပါသည်။ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းကို ပါတီခေါင်းဆောင်သို့ ပါတီခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်ရေး ထိတွေ့ဆက်ဆံမှုအပေါ် အခြေခံထားသည့် လူတစုမှ ဗဟိုချုပ်ကိုင်မှုကျကျ ပြုလုပ်သည့် အခါမျိုးတွင် ထိုသို့သော ဆိုးကျိုးမျိုးကို အတိအကျတွေ့ရသည်။ ကျေးလက်ဒေသများမှ အမျိုးသမီးများသည် ပါတီခေါင်းဆောင်များနှင့် ဆက်သွယ်ရေး ကောင်းကောင်းရှိနိုင်ရန် မလွယ်ကူလှဘဲ အကျိုးဆက်အနေဖြင့် သူတို့အား အမည်စာရင်း တင်သွင်းခြင်း မခံရခြင်းပင် ဖြစ်ပါသည်။

ယခုစာအုပ်တွင် ရွေးကောက်တင်မြှောက်မှု စနစ်များနှင့် ခွဲတမ်းစနစ်များ အကြား ဆက်သွယ်မှုကို ပြသထားကာ မည်သည့် ပေါင်းစပ်မှုသည် အမျိုးသမီးများအတွက် အလားအလာကောင်းသည်၊ မည်သည့် ပေါင်းစပ်မှု များသည် အကျိုးမရှိနိုင် ဆိုသည်တို့ကိုလည်း သရုပ်ဖော်ပြပေးထားသည်။ သို့သော် ရွေးကောက်တင်မြှောက်မှု စနစ်များနှင့် ခွဲတမ်းစနစ်များအကြား ဆက်သွယ်မှုဆိုင်ရာ စဉ်းစားချက်သည် ကိုယ်စားပြုမှု မြင့်တက်လာစေရန် ဆန္ဒရှိနေသည့် လူ့အဖွဲ့အစည်းအတွင်းမှ မည်သည့် အုပ်စုတွင်မဆို အသုံးပြုနိုင် ပါသည်။ ဥပမာ – တိုင်းရင်းသား လူနည်းစုလိုမျိုး ဖြစ်သည်။ ရွေးကောက် တင်မြှောက်မှု အစုအဖွဲ့များကို ပုံဖော်သည့်အခါ ထည့်သွင်း စဉ်းစားရန် အခြားသက်ရောက်မှုများလည်း များစွာရှိနေသေးသောကြောင့် ထိုစဉ်းစား ချက်သည် မည်သည့် ရွေးကောက်တင်မြှောက်မှု စနစ်များနှင့် ခွဲတမ်းစနစ် များကို ရွေးချယ်ရမည်ဟူသော နိဂုံးချုပ်ချက်မျိုးကိုမူ ပေးနိုင်လိမ့်မည် မဟုတ်ပေ။ သို့သော် ယခုစာအုပ်သည် တကယ်ကြုံတွေ့လာရမည့် ကိန်းရှင်များ၊ ပြုလုပ်ရမည့် ရွေးချယ်မှုများနှင့် ထိုရွေးချယ်မှုများမှ အမျိုးသမီးများ ကိုယ်စားပြုမှု အပေါ်သို့ ရှိလာနိုင်သော သက်ရောက်မှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလာစေရန် စွမ်းဆောင်ပေး နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

အမြဲတမ်းလိုပင် တိုင်းပြည်၏ အခြေအနေကိုလည်း ထည့်သွင်းစဉ်းစား ရမည်ဖြစ်သည်။ လိုအပ်သော စည်းမျဉ်းများကို ချမှတ်ရန် ပြုလုပ်တိုင်း မတူသော အရာများ အချင်းချင်း ဖြည့်ဆည်းလုပ်ဆောင်လာနိုင်ကာ ဟာကွက်များ၊ ပဋိပက္ခများကို ရှောင်ရှားနိုင်မည့် နည်းလမ်းများ ရရှိလာနိုင်စေရန် အားလုံးကို ခြုံငုံသော အမြင်ရှိသင့်သည်။ ထို့အပြင် ဥပဒေပြုမှုတွင် အမျိုးသမီးများ ပါဝင်မှု အတွက် ကိုယ်စားပြုနိုင်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် ကြိုးစားသည့်အခါတွင် ထည့်သွင်းစဉ်းစားရန် အခြားဥပဒေများနှင့် အခြေအနေဆိုင်ရာ အချက်အလက် များလည်း အမှန်ပင် ရှိပါသေးသည်။

တင်ပြခဲ့သလိုပင် ရွေးကောက်တင်မြှောက်မှု စနစ်များနှင့် ခွဲတမ်းစနစ်များ၏ မတူသော ပေါင်းစပ်မှုများသည် အလုပ်လုပ်ရာတွင်လည်း လုံးဝမတူကြပေ။ ထို့ကြောင့် ရှင်းလင်းသော နိဂုံးချုပ်ချက်တခုမှာ "အသုံးပြုမည့် ရွေးကောက် တင်မြှောက်မှု စနစ်နှင့် ခွဲတမ်းစနစ်ကို သီးခြားစီ မစဉ်းစားဘဲ ပူးတွဲ၍ စဉ်းစား ရမည်" ဟု ဖြစ်သည်။

အခြားနိုင်ငံများ၏ အတွေ့အကြုံများနှင့်/ သို့မဟုတ် ရှိနေသော စာပေများမှ တိုက်ရိုက်ထုတ် ယူထားသည့် ဖြေရှင်းနည်းများသည် စဉ်းစား နေသော နိုင်ငံအတွက် အကောင်းဆုံးများ ဖြစ်ချင်မှဖြစ်မည် ဖြစ်သောကြောင့် ထိုအရာများကြောင့် အစုအဖွဲ့စည်းမျဉ်း စသည်တို့ကို ပုံဖော်ချမှတ်ရမည့်သူမှာ ချုပ်ချယ်ထားသလို မခံစားရစေသင့်သည်မှာလည်း အရေးကြီးကြောင်း တင်ပြချင်ပါသည်။ ရွေးကောက်တင် မြှောက်မှု စနစ်များနှင့် ခွဲတမ်းစနစ်များ ၂ ခုစလုံးကို ၎င်းတို့အား အကောင်အထည်ဖော်မည့် သီးသန့် အခြေအနေနှင့် ကိုက်ညီရန် ပြင်ဆင်တည်းဖြတ်မှုများ ပြုလုပ်နိုင်ပါသည်။

ရွေးကောက်တင်မြှောက်မှု အစုအဖွဲ့စည်းမျဉ်းများ ပုံဖော်ချမှတ်ရာတွင် လက်ရှိပြဿနာကို ကျယ်ကျယ်ပြန့်ပြန့် နားလည်မှု ရရှိနိုင်ရန်အတွက် ဆွေးနွေးခြင်း၊ ပုံစံထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း အဆင့်ဆင့်တွင် သက်ဆိုင်သူများ များနိုင်သမျှ များများပါဝင်လာနိုင်စေရန် အကြံပြုလိုပါသည်။ သို့မှသာ ချမှတ်ပေးထားသော ပံ့ပိုးမှုများအတွက် တရားဝင် ဖြစ်နိုင်ခြေ အရှိဆုံးကို ရရှိနိုင်ပါလိမ့်မည်။

နောက်ဆုံးအနေဖြင့် ကျား၊မ တန်းတူရေး ခွဲတမ်းစနစ်များသည် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုကို ထင်ထင်ရှားရှား မြှင့်တင်ပေးနိုင်မည် ဖြစ်သော်လည်း စိတ်ထဲတွင် တခုမှတ်သားထားရန်မှာ ခွဲတမ်းစနစ်များသည် တခါတရံတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်း ရာတွင် အကန့်အသတ်တခုလို ဖြစ်ဖြစ်သွားတတ်ပါသည်။ ဥပမာ – ကိုယ်စားလှယ်လောင်း ၃၀ ရာနှုန်းသည် အမျိုးသမီးများဖြစ်ရမည်ဟု သတ်မှတ်ထားသော ခွဲတမ်းစနစ်သည် ထိုထက်ပိုသော အမည်စာရင်း တင်သွင်းမှု ရာနှုန်းကို မရရှိစေနိုင်ရန် ဖြစ်သွားစေကာ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုကို အမြင့်ဆုံး ဘောင်တခုအနေဖြင့် ကန့်သတ်လိုက်သလို သက်ရောက်သွားတတ်ပါသည်။ အမျိုးသမီး ကိုယ်စားပြုမှုကို မြင့်တက်လာ စေရန်အတွက် တချိန်တည်းမှာပင် မတူသော အချက်အလက် မျက်နှာစာ များစွာတို့အပေါ်တွင် လုပ်ဆောင်ရန် အရေးကြီးကာ ရွေးကောက်တင်မြှောက်မှု စနစ်များနှင့် ခွဲတမ်းစနစ်များတို့သည် ၎င်းတို့အထဲမှာ ၂ ခုမျှသာ ဖြစ်ပါသည်။

၁။ နိုင်ငံတကာ ပါလီမန်များသမဂ္ဂ (Inter-Parliamentary Union) ဝက်ဆိုဒ်ကို ကြည့်ပါ။
<http://www.ipu.org>

၂။ Ibid

၃။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ခွဲတမ်းစနစ် ဆိုသည်မှာ PR စနစ်ရှိ ရွေးကောက်တင်မြှောက်မည့် ခရိုင်ဒေသ အတိအကျတွင် ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း တဦးအတွက် နေရာတခု အနိုင်ရရန် အာမခံပေးသော မဲအရေအတွက်ကို ရည်ညွှန်းပါသည်။ အသုံး များသော ကိန်းရှင် ၃ ခု ရှိပါသည် – Hare, Droop ESifh (or Hagenbach-Bischoff) Imperiali တို့ ဖြစ်ပါသည်။

၄။ MMP စနစ်အချို့တွင် ဥပဒေပြုမှုအတွက် နေရာအရေအတွက် စုစုပေါင်း အတိအကျကို ရွေးကောက်ပွဲပြီးသည်အထိ မဆုံးဖြတ်ပေးပါ။ နိုင်ငံအချို့တွင် ဥပဒေပြုမှု၏ အရွယ်အစားသည် လူဦးရေ ပမာဏနှင့် လိုက်၍ ပြောင်းလဲတတ်သည်။ ထိုကိစ္စများတွင် ခွဲတမ်းစနစ်ကို ပုံဖော် ရာ၌ ရာခိုင်နှုန်း သဘောတူခြင်းနှင့် နေရာများ ချန်လှပ်သတ်မှတ် ခြင်းတို့ အကြားတွင် အမှန်တကယ် ကွာဟမှု ရှိနေတတ်ပါသည်။

၅။ "ပါလီမန်တွင် အမျိုးသမီးများပါဝင်မှု၊ ကိန်းဂဏန်းများ အလွန်" ("Women in Parliament: Beyond Numbers") ပြန်လည်တည်း ဖြတ်ခြင်း (Stockholm: International IDEA, 2005) တွင် ကြည့်ရန် – Matland, Richard E. ၏ "အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုကို မြှင့်တင်ခြင်း – ဥပဒေအရ လူစုခြင်းနှင့် ရွေးကောက်တင် မြှောက်မှု စနစ်များ" "Enhancing Women's Political Participation: Legislative Recruitment and Electoral Systems", စာအုပ်၏ အခန်း ၃၊ စာမျက်နှာ ၉၉ – ၁၁၀၊ Sineau, Mariette ၏ "ပြင်သစ်အတွေ့အကြုံ – ပါတီကို အသားကျအောင် ဖွဲ့စည်းခြင်း" "The French Experience: Institutionalizing Parity" ဖြစ်ရပ်လေ့လာမှု၊ စာမျက်နှာ ၂၄ – ၆၃၊ နှင့် Meintjes, Sheila ၏ "ကိန်းဂဏန်းများ အလွန်မှ တောင်အာဖရိက" "South Africa: Beyond Numbers" ဖြစ်ရပ်လေ့လာမှု၊ စာမျက်နှာ – ၄၆၂။

၆။ ပေးထားသော နိုင်ငံဥပမာများသည် ၂၀၀၆ ခု ဒီဇင်ဘာလအထိ ရရှိထားသော သတင်းအချက်အလက်များ အပေါ်တွင် အခြေခံ ထားပါသည်။

၇။ အမျိုးသမီးများအတွက် မဟုတ်သော်လည်း ပါလက်စတိုင်းနှင့် မောရစ်ရှ နိုင်ငံတို့တွင် ကိုယ်စားပြုခွင့်နိမ့်သော အုပ်စုများအတွက် အသုံးပြုသည်။

၈။ Ballington, Julie ၏ "နိုင်ငံရေးပါတီများ၏ ရံပုံငွေတွင် ကျား၊ မ တန်းတူရေး" "Gender Equality in Political Party Funding"

“နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများအတွက် ရန်ပုံငွေ in Funding of Political Parties and Election Campaigns (Stockholm: International IDEA, 4336), အခန်း ၉၊ စာမျက်နှာ ၁၅၇ – ၆၇။

## ၉။ ထပ်ပံလေ့လာဖတ်စရာများ

### International IDEA မှ ထုတ်သော စာအုပ်များ

ထုတ်ဝေသော စာအုပ်များကို စာအုပ်မှာရန် သို့မဟုတ် အခမဲ့ ဒေါင်းလုတ်လုပ်ယူနိုင်ရန် အွန်လိုင်းတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

(၁) <http://www.idea.int/publications/browse/gender.cfm>

- *Women in Parliament: Beyond Numbers. A Revised Edition, 2006*
  English
  *“ပါလီမန်တွင် အမျိုးသမီးများပါဝင်မှု၊ ကိန်းဂဏန်းများ အလွန်” ပြန်လည်တည်းဖြတ်ခြင်း၊ ၂၀၀၆*
  အင်္ဂလိပ်

- *Building Democracy in Egypt: Women’s Political Participation, Political Party Life and Democratic Elections*
  English, Arabic
  *အီဂျစ်တွင် ဒီမိုကရေစီတည်ဆောက်ခြင်း – အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှု၊ နိုင်ငံရေးပါတီ ဘဝနှင့် ဒီမိုကရက်တစ် ရွေးကောက်ပွဲများ၊*
  အင်္ဂလိပ်၊ အာရပ်

- *Building Democracy in Jordan: Women’s Political Participation,Political Party Life and Democratic Elections*
  English, Arabic
  *ဂျော်ဒန်တွင် ဒီမိုကရေစီတည်ဆောက်ခြင်း – အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှု၊ နိုင်ငံရေးပါတီ ဘဝနှင့် ဒီမိုကရက်တစ် ရွေးကောက်ပွဲများ၊*
  အင်္ဂလိပ်၊ အာရပ်

- *Building Democracy in Yemen: Women’s Political Participation,Political Party Life and Democratic Elections*
  English, Arabic
  *ယီမင်တွင် ဒီမိုကရေစီတည်ဆောက်ခြင်း – အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်မှု၊ နိုင်ငံရေးပါတီ ဘဝနှင့် ဒီမိုကရက်တစ် ရွေးကောက်ပွဲများ၊*
  အင်္ဂလိပ်၊ အာရပ်

- *Cuotas de género: democracia y representación*
  Spanish
  (စပိန်)

- *Strengthening Women's Political Participation in Indonesia*
  English, Bahasa
  *အင်ဒိုနီးရှား၏ အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်မှုကို အားကောင်းအောင် ပြုလုပ်ခြင်း*
  အင်္ဂလိပ်၊ ဘဟာဆာ (အင်ဒိုနီးရှားဘာသာ)

- *La concepción del poder desde las mujeres*
  Spanish
  (စပိန်)

- *The Implementation of Quotas: African Experiences*
  English
  *"ခွဲတမ်းစနစ် အကောင်အထည်ဖော်ခြင်း – အာဖရိက အတွေ့အကြုံ"*
  အင်္ဂလိပ်

- *The Implementation of Quotas: Asian Experiences*
  English
  *"ခွဲတမ်းစနစ်အကောင်အထည်ဖော်ခြင်း – အာရှ အတွေ့အကြုံ"*
  အင်္ဂလိပ်

- *The Implementation of Quotas: European Experiences*
  English
  *"ခွဲတမ်းစနစ် အကောင်အထည်ဖော်ခြင်း – ဥရောပ အတွေ့အကြုံ"*
  အင်္ဂလိပ်

- *The Implementation of Quotas: Latin American Experiences*
  English, Spanish
  *"ခွဲတမ်းစနစ် အကောင်အထည်ဖော်ခြင်း – လက်တင်အမေရိက အတွေ့အကြုံ"*
  အင်္ဂလိပ်၊ စပိန်

- *Women in Parliament: Beyond Numbers (200/ edition)*
  English, French, Russian, Spanish
  *"ပါလီမန်တွင် အမျိုးသမီးများ ပါဝင်မှု၊ ကိန်းဂဏန်းများ အလွန်" (၂၀၀/ တည်းဖြတ်ထုတ်ဝေခြင်း)*
  အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ စပိန်

- *Mujer, Partidos Políticosy Reforma Electoral*
  Spanish
  (စပိန်)

(၂) <http://www.idea.int/publications/browse/electoral.cfm>

- *Electoral System Design: The New International IDEA Handbook* (2005 edition)
  English, Nepali, Spanish
  *"ရွေးကောက်တင်မြှောက်ခြင်းစနစ် ပုံစံ – New International IDEA လက်စွဲစာအုပ်" (၂၀၀၅ တည်းဖြတ်ထုတ်ဝေခြင်း)*
  အင်္ဂလိပ်၊ နီပေါ၊ စပိန်

- *Sistema Electoral*
  Spanish
  (စပိန်)

- *Electoral System Design (2002 edition)*
  English, Arabic, Burmese, French, Spanish
  *"ရွေးကောက်တင်မြှောက်ခြင်းစနစ် ပုံစံ" (၂၀၀၂ တည်းဖြတ်ထုတ်ဝေခြင်း)*

- Sistemas electorales y reforma electoral: una introducción
  Spanish
  (စပိန်)

*A collection of essays§study papers by other authors is available at*
*စာရေးသူ၏ အက်ဆေးများ/လေ့လာရေးစာတမ်းများ စုစည်းထားမှု – ဤနေရာတွင် ရနိုင်သည်။*
<http://www.quotaproject.org>
(International IDEA and Stockholm တက္ကသိုလ်)

**ကျေးဇူးတင်လွှာ**

ဤစာအုပ် ပြင်ဆင်ထုတ်ဝေရေးအတွက် အဘက်ဘက်မှ ကူညီပေးခဲ့ကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ ၎င်းတို့မှာ Armineh Arakelian; Andrew Ellis; Camilla Hansson; Mélida Jiménez; Eve Johansson; Carlos Navarro; Anh Nguyen; နှင့် Kristen Sample တို့ ဖြစ်ပါသည်။ International IDEA ၏ ပုံနှိပ်ထုတ်ဝေရေး မန်နေဂျာ Florencia Enghel ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

## ၁၀။ စကားလုံး အဓိပ္ပာယ်များ

**အခြားနည်းမဲပေးမှု Alternative Vote (AV) :** အဖွဲ့ဝင်တဦး ခရိုင်ဒေသတွင် အသုံးပြုသော ကိုယ်စားလှယ်လောင်း ဗဟိုပြုစနစ်၊ ကြိုက်နှစ်သက်မှုပြ အများစု ရွေးချယ်တင်မြှောက်မှု စနစ်ဖြစ်ကာ ထိုစနစ်တွင် မဲပေးသူများသည် မဲပြားများပေါ်တွင် သူတို့၏ ကြိုက်နှစ်သက်မှုကို နံပါတ်များအသုံးပြု၍ မှတ်သားပေးရပါသည်။ အကျုံးဝင်သော ပထမ ကြိုက်နှစ်သက်မှုပြ မဲများ၏ လုံးဝဥသုံ အများစု (၅၀% + ၁) ရရှိသူသည် အနိုင်ရသူဟု ကြေညာခံရမည်ဖြစ်သည်။ အကယ်၍ မည်သည့် ကိုယ်စားလှယ်ကမျှ ပထမအဆင့် ကြိုက်နှစ်သက်မှုပြ မဲများ၏ လုံးဝဥသုံ အများစုမဲ (၅၀ % ကျော်) ကို မရရှိခဲ့ပါက အနည်းဆုံး ရရှိသူများကို ဖယ်ကာ သူတို့ရခဲ့သော မဲများကို ကိုယ်စားလှယ်တဦးမှ အကျုံးဝင် မဲများ၏ လုံးဝဥသုံအများစုမဲ (၅၀% ကျော်) ရရှိသည်အထိ ပြန်လည်နေရာချပေးရသည်။

**မဲပြားပြုလုပ်ထားသည့်ပုံစံ Ballot structure**: မဲစက္ကူပြားများအပေါ်တွင် ရွေးကောက်မှုဆိုင်ရာ ရွေးချယ်မှုများကို ပြသသည့် နည်းလမ်းများဖြစ်ကာ အတိအကျအားဖြင့် မဲပြားသည် ကိုယ်စားလှယ်လောင်း ဗဟိုပြု သို့မဟုတ် ပါတီဗဟိုပြု ဆိုသည်ကို ပြသသည်။

**အကောင်းဆုံး အရှုံးသမားစနစ် Best loser system:** ယခင်က ချမှတ်ထားသော ခွဲတမ်းစနစ်ကို ရောက်ရှိသည်အထိ ယင်းစနစ်အောက်တွင် အရင်ကအောင် နိုင်ထားသော၊ အုပ်စုတခုမှ (အမျိုးသမီးများအကြား) မဲအများဆုံး ရရှိထားသော ကိုယ်စားလှယ်လောင်းများကို အခြားကိုယ်စားလှယ်လောင်းများ ထက် မဲရရှိမှု နည်းနေသည့်တိုင်အောင် ဥပဒေပြုမှုတွင် ရွေးချယ်တင်မြှောက်ကြ ရမည်။ ဥပမာ – အမျိုးသမီး ကိုယ်စားလှယ်များအကြားတွင် ခွဲတမ်းစနစ်က သတ်မှတ်ထားသည့် အရေအတွက်အထိ မဲအများဆုံး ရနေသူများသည် အမျိုးသား ကိုယ်စားလှယ်လောင်းများက မဲပိုရရှိကောင်း ရရှိနိုင်သော်လည်း သူတို့ကိုသာ ရွေးချယ်တင်မြှောက်ကြသည်။

**အစုအဝေးမဲပေးမှု (Block Vote – BV):** အများစု ရွေးကောက်တင် မြှောက်မှု စနစ်ပင်ဖြစ်ကာ အဖွဲ့ဝင်တဦးထက် ပိုသော ရွေးကောက်တင် မြှောက်မှု ခရိုင်ဒေသများတွင် အသုံးပြုသည်။ ရွေးချယ်သူများသည် အရွေးချယ်ခံရန် ကိုယ်စားလှယ်လောင်း အရေအတွက်အလိုက် မဲပေးခွင့်များ ရရှိကြသည်။ မဲစုစုပေါင်း အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းများက အနိုင်ရပါသည်။ မဲဆန္ဒရှင်များက ပါတီထက် ကိုယ်စားလှယ်လောင်းများကို အမြဲတမ်းမဲပေး ကြသည်။ စနစ်တော်တော်များများတွင် သူတို့သည် သူတို့၏ ဆန္ဒမဲများကို သူတို့စိတ်ကြိုက် အနည်းအများ အသုံးပြုကြသည်။

**ဘိုဒါ မဲရေတွက်မှု (Borda Count – BC):** ထိုစနစ်သည် ကိုယ်စားလှယ်လောင်း ဗဟိုပြု ကြိုက်နှစ်သက်မှုပြ စနစ်ဖြစ်ကာ အဖွဲ့ဝင်တဦး

ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင်ကော၊ အဖွဲ့ဝင်တဦးထက် ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင်ပါ အသုံးပြုပါသည်။ မဲဆန္ဒရှင်များသည် မဲပြားများပေါ်တွင် သူတို့၏ ကြိုက်နှစ်သက်မှုများကို မှတ်သားပေးရကာ ပြီးနောက် ထိုမှတ်သားမှု တခုစီအား ညီမျှသော အဆင့်များကို အသုံးပြု၍ တန်ဖိုးသတ်မှတ်ပေးရသည်။ ၎င်းတို့ကို ပေါင်းလိုက်ပြီး စုစုပေါင်းအများဆုံးရသော ကိုယ်စားလှယ်များကို အနိုင်ရသည်ဟု ကြေညာပေးသည်။

**ခရိုင်ဒေသ၏ ပမာဏ District magnitude:** ရွေးကောက်တင်မြှောက်ရာ ခရိုင်ဒေသတခုအတွက် ရွေးချယ်ရမည့် ကိုယ်စားလှယ် အရေအတွက်။

**ရွေးကောက်တင်မြှောက်သည့် ခရိုင်ဒေသ Electoral district:** ပထဝီအရ ဒေသများဖြစ်ကာ ၎င်းအထဲတွင် နိုင်ငံ၊ ဒေသ အာဏာပိုင်များ သို့မဟုတ် နိုင်ငံထက် ကျော်လွန်သော အစုအဖွဲ့များမှ ရွေးကောက်တင်မြှောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ခွဲခြမ်းထားသည်။ ရွေးကောက်တင်မြှောက်သည့် ခရိုင်ဒေသတခုသည် တဦး သို့မဟုတ် တဦးထက်များသော ကိုယ်စားလှယ်များကို အရွေးချယ်ခံအဖွဲ့သို့ ရွေးချယ်ပေးသည်။

**ရွေးကောက်တင်မြှောက်သည့် ပုံသေနည်း Electoral formula:** ရွေးချယ်တင်မြှောက်သည့် စနစ်တခုတွင် အနိုင်ရသူ/ များကို ဆုံးဖြတ်ပေးသည့် စည်းမျဉ်းများ

**ရွေးကောက်ပွဲ အုပ်ချုပ်ရေးအဖွဲ့ Electoral Management Body (EMB):** ရွေးကောက်ပွဲများကို ကြီးကြပ်ရန်အတွက် တာဝန်ရှိသော ရွေးကောက်ပွဲ ဥပဒေအောက်တွင် အလုပ်လုပ်သည့် အဖွဲ့အစည်းဖြစ်သည်။

**ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ခွဲတမ်းစနစ် Electoral quota:** PRစနစ်ရှိ ရွေးကောက်တင်မြှောက်မည့် ခရိုင်ဒေသ အတိအကျတွင် ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း တယောက်အတွက် နေရာတခု အနိုင်ရရန် အာမခံပေးသော မဲအရေအတွက်ကို ရည်ညွှန်းပါသည်။ အသုံးများသော ကိန်းရှင် ၃ ခု ရှိပါသည်။ Hare, Droop (or Hagenbach-Bischoff) နှင့် Imperiali တို့ ဖြစ်ပါသည်။

**ရွေးချယ်တင်မြှောက်သော စနစ် (Electoral system):** ရွေးကောက်ပွဲ ဥပဒေနှင့် စည်းမျဉ်းများ၏ ထိုအပိုင်းသည် ပါတီနှင့် ကိုယ်စားလှယ်လောင်းများကို အစုတခုသို့ ကိုယ်စားလှယ်များအဖြစ် မည်သို့ ရွေးချယ်တင်မြှောက်သည်ကို ဆုံးဖြတ်ပါသည်။ ၎င်း၏ ထင်ရှားသော အပိုင်း ၃ ခုမှာ ရွေးကောက်

တင်မြှောက်မှုဆိုင်ရာ ပုံသေနည်း၊ မဲပြားဖွဲ့စည်းထားပုံနှင့် ခရိုင်ဒေသ ပမာဏတို့ ဖြစ်သည်။

**ပထမရသူအနိုင်စနစ် First Past The Post (FPTP):** စနစ်သည် အများစု ရွေးကောက်တင်မြှောက်မှု စနစ်၏ အရိုးစင်းဆုံး ပုံစံဖြစ်သည်။ အနိုင်ရသော ကိုယ်စားလှယ်လောင်းသည် အခြားကိုယ်စားလှယ်လောင်းများ ထက် မဲပိုရသူဖြစ်ကာ Valid Votes အကျုံးဝင်မဲများ၏ လုံးဝဥဿုံ အများစု (၅၀ ٪ ကျော်) မဟုတ်သည့်တိုင် အနိုင်ရသူသာ ဖြစ်ပါသည်။ ထိုစနစ်သည် အဖွဲ့ဝင်တဦး ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများကို အသုံးပြုကာ မဲဆန္ဒရှင်များသည် နိုင်ငံရေးပါတီထက် ကိုယ်စားလှယ်လောင်းများကို ကြည့်ကာ မဲပေးကြသည်။

**အချိုးကျကိုယ်စားပြုမှုစာရင်း List Proportional Representation (List PR):** အချိုးကျကိုယ်စားပြုမှု စနစ်အတွက် အဖွဲ့ဝင်တယောက်ထက် ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများအား အသုံးပြုရန် လိုအပ်ပါ သည်။ (List PR) စနစ်အောက်တွင် ပါတီတခုစီ သို့မဟုတ် အုပ်စုတခုစီမှ အဖွဲ့ဝင် အများစနစ် ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသအတွက် ကိုယ်စားလှယ်လောင်း စာရင်းကို တင်ပြရသည်။ မဲဆန္ဒရှင်များမှ ပါတီတခုအတွက် မဲပေးကြရကာ ပါတီများသည် မဲအားလုံးမှ သူတို့ ဝေစု၏ အချိုးကျအတိုင်း လွှတ်တော်တွင် ကိုယ်စားလှယ်နေရာများ ရရှိမည်ဖြစ်သည်။ အချို့ (စာရင်းပိတ်) စနစ်များတွင် အနိုင်ရသော ကိုယ်စားလှယ်များကို သူတို့၏ နေရာအစီအစဉ်များမှ ထုတ်ယူ ပါသည်။ စာရင်းများသည် လွတ်လပ်၍ ဖွင့်ထားသည်ဆိုပါက မဲဆန္ဒရှင်များသည် ကြိုက်နှစ်သက်သည့် တဦးချင်းစီကို ရွေးချယ်ခြင်းဖြင့် ကိုယ်စားလှယ်လောင်းများ၏ အစီအစဉ်ကို လွှမ်းမိုးထားနိုင်သည်။

**အဖွဲ့ဝင်ရောနှော၍ အချိုးကျစနစ် Mixed Member Proportional (MMP):** အဖွဲ့ဝင်ရောနှော၍ အချိုးကျစနစ်သည် ရောနှော စနစ်ပင် ဖြစ်ကာ ၎င်းသည် မဲဆန္ဒရှင်များမှ ဆန္ဒပြုလိုက်သော ရွေးချယ်မှုများကို နည်းလမ်း ၂ ခုအား အသုံးပြု၍ ကိုယ်စားလှယ်များကို ရွေးချယ်ပါသည်။ တခုမှာ အဖွဲ့ဝင်တဦး ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသတွင် ရံဖန်ရံခါ အတော်များများ၌ အသုံးပြုသော အများစု ရွေးကောက်တင်မြှောက်မှု စနစ်ဖြစ်၍ ဒုတိယ တမျိုးမှာ အချိုးကျ ရွေးကောက်တင်မြှောက်မှု စနစ်ဖြစ်ပါသည်။ အချိုးကျ ရွေးကောက် တင်မြှောက်မှု ကိုယ်စားလှယ် နေရာများမှာ အများစု ရွေးကောက် တင်မြှောက်မှု စနစ်မှ အချိုးမကျဘဲ ရလာသော ရလဒ်ဟူသမျှတို့ကို အစားဖြည့် ပေးခြင်း ဖြစ်သည်။

**အပြိုင်စနစ် (Parallel Systems):** အပြိုင်စနစ်သည် ရောနှောစနစ် ဖြစ်၍ ၎င်းသည် မဲဆန္ဒရှင်များမှ ဆန္ဒပြုလိုက်သော ရွေးချယ်မှုများကို အချိုးကျ

ရွေးကောက်တင်မြှောက်မှုစနစ်နှင့် အများစု ရွေးကောက်တင်မြှောက်မှုစနစ် နည်းလမ်း ၂ ခုအား အသုံးပြု၍ ကိုယ်စားလှယ်များကို ရွေးချယ်ပါသည်။ သို့သော် အများစု ရွေးကောက်တင်မြှောက်မှု စနစ်အောက်တွင် ခွင့်ပြုထားသည့် ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ် နေရာများကိုမူ အချိုးကျ ရွေးကောက်တင်မြှောက်မှု စနစ်ဖြင့် ရလဒ်တွက်သည့်အခါ ထည့်သွင်းစဉ်းစားမည် မဟုတ်ပေ။

**ပါတီစု မဲပေးမှု Party Block Vote (PBV):** ထိုစနစ်သည် အဖွဲ့ဝင်တယောက်ထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် ပြုလုပ်သည့် အများစုစနစ် ဖြစ်သည်။ ထိုစနစ်တွင် မဲဆန္ဒရှင်များသည် မိမိတို့ကြိုက်နှစ်သက်သော ပါတီကို ဗဟိုပြုမဲပေးမှု တကြိမ်သာ ပြုလုပ်ကြပြီး ကိုယ်စားလှယ်လောင်းများအကြားတွင် ရွေးချယ်ရန် မလိုပါ။ မဲအများဆုံးရသည့် ပါတီအနိုင်ရမည်ဖြစ်ပြီး ရွေးကောက်တင်မြှောက်မှု ပြုလုပ်သည့် ဒေသတွင်းရှိ ကိုယ်စားလှယ်နေရာ အားလုံးကို အနိုင်ရမည်ဖြစ်သည်။

**ပါတီ၏ ပမာဏ (Party Magnitude):** ရွေးချယ်တင်မြှောက်သည့် ခရိုင်ဒေသတခုအတွက် ပါတီတခုစီနှင့် အုပ်စုတခုစီမှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များ၏ ပျမ်းမျှအရေအတွက်ကို ဆိုလိုပါသည်။ နိုင်ငံတခုတွင် ရွေးကောက်တင်မြှောက်မှု ဒေသခရိုင်များ အားလုံးအတွက် ပါတီပမာဏ၏ ပျမ်းမျှ။

**အချိုးကျ ကိုယ်စားပြုမှု (PR):** ရွေးကောက်တင်မြှောက်သည့် အစုတခုတွင် နေရာများ၏ သက်ဆိုင်သော မျှဝေထားမှုထဲသို့ ပါတီတခု သို့မဟုတ် အုပ်စုတခုကြောင့် ရရှိသော မဲများအား ခြုံငုံမျှဝေထားမှု၏ သိသာပြန်ဆိုပြောင်းလဲသည့် မူစည်းမျဉ်းများအပေါ် အခြေခံသည့် ရွေးကောက်တင်မြှောက်သည့် စနစ်ဖြစ်သည်။ ဥပမာ – မဲ ၃၀ ％ အနိုင်ရသော ပါတီသည် ကိုယ်စားလှယ် နေရာ ၃၀ ％ နီးပါးကို ရမည်ဖြစ်သည်။ PR စနစ် အားလုံးသည် အဖွဲ့ဝင်အများ ခရိုင်ဒေသများကို အသုံးပြုရန် လိုအပ်ပါသည်။ PR စနစ် ၂ ခု ရှိပါသည်။ အချိုးကျ ကိုယ်စားပြုမှုစာရင်းစနစ် (List PR) နှင့် တကြိမ် ပြောင်းလဲမှုရှိသော မဲပေးမှုစနစ် STV တို့ ဖြစ်ပါသည်။

**ခွဲတမ်း (Quota):** သီးသန့် ကိုယ်စားလှယ် အမျိုးအစား (ဤစာအုပ်တွင် အမျိုးသမီးများ)ဖြင့် ဖြည့်ရန် လိုအပ်သည့် ပါတီတခု သို့မဟုတ် အုပ်စုတခုမှ အမည်စာရင်း တင်သွင်းသည့် ကိုယ်စားလှယ်လောင်းများ၏ အချိုး သို့မဟုတ် အရွေးချယ်ခံရသည့် အစုထဲမှ နေရာများ၏ အရေအတွက် ဖြစ်ပါသည်။ ၎င်းတို့ကို အမျိုးသမီးများ၏ အနည်းဆုံး အရေအတွက်အား အရွေးချယ်ခံရမှု သို့မဟုတ် အမည်စာရင်း တင်သွင်းခံရစေမှုတို့ သေချာစေရန် အသုံးပြုသည်။

**ကန့်သတ်မဲပေးမှု (Limited Vote – LV):** ထိုစနစ်သည် ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် အသုံးပြုကြသည်။ ထိုစနစ်တွင် ရွေးချယ်သူများသည် မဲပေးခွင့် တကြိမ်ထက် ပိုမိုရရှိသော်လည်း ကိုယ်စားလှယ်လောင်းများထက် မဲပေးရွေးချယ်မှုက ပိုနည်းပါသည်။ မဲစုစုပေါင်း အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းများက အနိုင်ရရှိကြပါသည်။

**တကြိမ်ပြောင်းလဲခွင့်မရှိသောမဲပေးမှု Single Non-Transferable Vote (SNTV):** ထိုစနစ်သည် မဲဆန္ဒရှင်များသည် အဖွဲ့ဝင်တဦး ထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် မဲပေးမှုတကြိမ်သာ ပြုလုပ်ရသည်။ မဲစုစုပေါင်း အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းများကို အရွေးချယ်ခံရသည်ဟု ကြေညာသည်။ မဲဆန္ဒရှင်များက နိုင်ငံရေးပါတီများထက် ကိုယ်စားလှယ်လောင်းများကို မဲပေးကြသည်။

**တကြိမ်ပြောင်းလဲခွင့်ရှိသော မဲပေးမှု Single Transferable Vote (STV):** ထိုစနစ်သည် အဖွဲ့ဝင်တဦးထက်ပိုသော ရွေးကောက်တင်မြှောက်မှု ခရိုင်ဒေသများတွင် မဲဆန္ဒရှင်များမှ ကိုယ်စားလှယ်များကို အဆင့်ခွဲပေးသော ကြိုက်နှစ်သက်မှုပြ စနစ်ပင်ဖြစ်ကာ ပထမအဆင့် ကြိုက်နှစ်သက်မှုပြ မဲများ၏ သတ်မှတ်ထားသော ရွေးချယ်တင်မြှောက်မှု ခွဲတမ်းကို ကျော်လွန်သွားသူကို ချက်ချင်း ရွေးချယ်တင်မြှောက်ပါသည်။ ဆက်လက်ပြုလုပ်သည့် ရေတွက်မှုများတွင် အနည်းဆုံးရသဖြင့် အဖယ်ခံရသည့် ကိုယ်စားလှယ် များထံမှ မဲများနှင့် သတ်မှတ်ထားသော ခွဲတမ်းကို ကျော်လွန်သွားသဖြင့် အနိုင်ရသွားသော ကိုယ်စားလှယ်များထံမှ မဲများကို ဒုတိယနှင့် အနည်းဆုံး ကြိုက်နှစ်သက်မှုများအပေါ် အခြေခံ၍ ပြန်လည်ကာ နေရာချပေးခြင်းကို လိုအပ်သော အရွေးချယ်ခံ ကိုယ်စားလှယ် အရေအတွက်ရသည်အထိ ပြုလုပ်ရသည်။ ပါတီအလိုက် အဆင့်ခွဲပေးလိုက ပေးနိုင်သော်လည်း ပုံမှန်အားဖြင့် မဲဆန္ဒရှင်များသည် နိုင်ငံရေးပါတီများထက် စားလှယ်လောင်းများကို မဲပေးကြသည်။

**နှစ်ကြိမ် ရွေးချယ်စနစ် (Two Round System -TRS):** နှစ်ကြိမ် ရွေးချယ်စနစ်သည် အများစု ရွေးကောက်တင်မြှောက်သည့် စနစ်ဖြစ်ကာ ယှဉ်ပြိုင်သည့် ကိုယ်စားလှယ် သို့မဟုတ် ပါတီတို့မှ သတ်မှတ်ပေးထားသည့် မဲအရေအတွက်အဆင့် (အများအားဖြင့် လုံးဝဥဿုံ အများစုမဲ (၅၀ ％ ကျော်) ကို ပထမ ရွေးကောက်တင်မြှောက်မှုတွင် မရရှိခဲ့ပါက ဒုတိယအကြိမ် ရွေးကောက်တင်မြှောက်မှုကို ထပ်မံပြုလုပ်ပေးရသည့် စနစ်ဖြစ်သည်။ နှစ်ကြိမ် ရွေးချယ်စနစ်သည် အများစု ရွေးကောက်တင်မြှောက်မှုစနစ် ပုံစံကို ယူ၍လုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်ရာ၌ ဒုတိယအကြိမ် ရွေးကောက်ရာတွင် ကိုယ်စားလှယ် ၂ ဦးအထက် ပါဝင်ယှဉ်ပြိုင်၍ မဲပိုရသောသူက လုံးဝဥဿုံ အများစုမဲ ရရှိရန်

မလိုတော့ဘဲ အနိုင်ရရှိပါသည်။ သို့မဟုတ်ပါက ပထမအကြိမ်တွင် မဲအများဆုံးရသော ထိပ်ဆုံးမှ ၂ ဦးသာ ဒုတိယအကြိမ် ပြန်လည်ယှဉ်ပြိုင်ရသော အများစုနောက်ဆုံး ရွေးချယ်မှုပုံစံ (Majority run-off) ကိုလည်း သုံးနိုင်ပါသည်။

**ပြောင်းလဲမှတ် (Threshold):** ပါတီတခုမှ ဥပဒေပြုမှုတွင် ကိုယ်စားပြုမှုရရှိရန် လိုအပ်သော အနိမ့်ဆုံးထောက်ခံမှု အဆင့်ဖြစ်သည်။ ပြောင်းလဲမှတ်သည် တရားဝင် ဖြစ်နိုင်ပါသည်။ ဖွဲ့စည်းပုံ သို့မဟုတ် ဥပဒေတွင် အကျုံးဝင်မဲရာခိုင်နှုန်းပုံစံ သို့မဟုတ် အကျိုးရှိမှု သို့မဟုတ် သဘာဝဖြင့် ပြထားလေ့ရှိသည့် အရာဖြစ်ပါသည်။ အသုံးပြုသော ရွေးကောက်တင်မြှောက်မှု စနစ်၏ သင်္ချာဆိုင်ရာ ဂုဏ်သတ္တိလည်း ဖြစ်ပါသည်။

**အဆင့်သတ်မှတ်မှုစာရင်း** သတ်မှတ်လိုက်သည့် **(Tier):** ကိုယ်စားလှယ်လောင်းများ အရွေးခံရသော အဆင့်ဖြစ်ပါသည်။ ၎င်းသည် ဌာနေတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံအဆင့် ဖြစ်နိုင်ပါသည်။ ရွေးကောက်တင်မြှောက်မှု စနစ်များ အားလုံးသည် ထို့ကြောင့် အနည်းဆုံး အဆင့်သတ်မှတ်စာရင်း တခုရှိပါသည်။ သို့သော် အများစုတွင် ၂ ခု ၊ တခါတရံ ၃ ခုပင် ရှိတတ်ပါသည်။

**Zipper:** ပါတီစာရင်းပေါ်ရှိ အခြား ကိုယ်စားလှယ်လောင်းတိုင်းကို အမျိုးသား ဖြစ်စေရန်နှင့် အခြား ကိုယ်စားလှယ်လောင်းတိုင်းကို အမျိုးသမီး ဖြစ်စေရန် လိုအပ်သော ခွဲတမ်းစနစ်ဖြစ်သည်။ Zebra စနစ်ဟုလည်း ခေါ်ကြသည်။